ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ သောကြာနေ့ (12-9-2008) (၇၉၉)

တပေါစ တေံ မင်္ဂလ မုတ္တမံ

ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာ စက်မှုဇုန်ရှိ Great International Co., Ltd ၏ ရေလုပ်ငန်းစက်ရုံအတွင်း ပုစွန်များ ပြည်ပဈေးကွက်သို့တင်ပို့ရန် ထုပ်ပိုးဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် လှိုင်သာယာ စက်မှုဇုန်ရှိ Myanmar Mayson Industries Co., Ltd ၏ Good Morning စက်ရုံသို့ ရောက်ရှိရာ ရှေးဦးစွာ လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က စက်ရုံများလည်ပတ်မှု၊ အလုပ်သမားအင်အား၊ လုပ်ငန်းအမျိုးအစားအလိုက် ကုန်ထုတ်လုပ်မှုအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် Good Morning စက်ရုံမန်နေဂျာ ဦးဝင်းနောင်က စက်ရုံမှ ပေါင်မုန့်၊ကိတ်မုန့်၊ကွတ်ကီးစနက်(ခ်)နှင့် သကြားလုံး အပါအဝင် စားသောက်ဖွယ်ရာများ ထုတ်လုပ်မှုအဆင့်ဆင့်၊ ဝန်ထမ်းအင်အား ၇၅၄ဦးတို့ဖြစ်ငှ် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❍

ဈေးနှုန်းလည်းသက်သာ ကျန်းမာရေးနှင့်လည်းညီညွတ်သည့် ရန်ပယ်ပြောင်းဖူးဆီ

သတင်းဆောင်းပါး
အောင်မြတ်ကျော်(စက်မှု-၁)

ရန်ကုန် စက်တင်ဘာ ၁၁

နံနက်ခင်း လင်းအရုဏ်သည် စိတ်နှလုံးကို ကြည်လင်လန်းဆန်းစေပါသည်။ နံနက်ခင်း၏ လင်းအရုဏ်တွင် နေ့စဉ်လမ်းလျှောက်ခြင်းဖြင့် ကိုယ်စိတ်နှလုံး ချမ်းမြေ့စေသည့်အပြင် နှလုံးသား၏ ပုံမှန်လှုပ်ရှားမှုကို အားဖြည့်ထောက်ကူပါသည်။

နေ့စဉ် ပုံမှန်လမ်းလျှောက်ခြင်းဖြင့် စိတ်နှလုံး ကြည်လင်လန်းဆန်းခြင်း၊ သွေးလေညီညွတ်စေခြင်း စသည့် အကျိုးရလဒ်ကောင်းများကို ရရှိစေသည့်အပြင် ကိုယ်စိတ်ကျန်းမာရေးကိုလည်း အကျိုးသက်ရောက်စေသည်။

ကိုယ်လက်လှုပ်ရှားခြင်း၊ လမ်းလျှောက်ခြင်းအပြင် လူနေမှုဘဝ၏ စားသောက်မှု၊ နေထိုင်မှု၌ သင့်တင့်လျောက်ပတ်စွာ စားသောက်နေထိုင်ခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုမည်ဖြစ်သည်။ အချို၊ အငန်၊ အစပ်၊ အဆီအဆိမ့် စသည့် အစားအစာများကို လွန်ကဲစွာစားသောက်ခြင်းဖြင့် ကျန်းမာရေးကို ထိခိုက်နိုင်သောကြောင့် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❖

ကျန်းမာရေးနှင့်သင့်လျော်သော အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် ရန်ပယ်ပြောင်းဖူးဆီ (အပေါ်ပုံ)**နှင့် မြန်မာ့စားသောက်ကုန်လုပ်ငန်း ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံ(ရန်ပယ်)။** (အောက်ပုံ)

ကြေးမုံ The Mirror ယနေ့ ဆောင်းပါးအညွှန်း

"ပြည်သူတစ်ရပ်လုံးရဲ့ လိုအင်ဆန္ဒကတော့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် ပန်းတိုင်ဆီကို ချောချောမွေ့မွေ့၊ အန္တရာယ်ကင်းကင်းနဲ့ အမြန်ဆုံးရောက်အောင် ချီတက်ချင်တာပါပဲ။"

စည်သူအောင်၏ "ပန်းတိုင်သို့ ချီရာဝယ်"

(ဆောင်းပါး) စာမျက်နှာ- ၈၊၉

ကြေးမုံ
The Mirror

၁၂-၉-၂၀၀၈
(သောကြာနေ့)

အဖျက်အမှောင့် သွေးထိုးလှုံ့ဆော်မှုများ သတိပြုရှောင်ရှား အကြမ်းဖက် အဖျက်လုပ်ရပ်ဟူသမျှ ကြိုတင်တားဆီး

နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးဖြစ်သည်။ နိုင်ငံ၏သမိုင်းကြောင်းအခြေခံ၊ လူမှုဓလေ့စရိုက်နှင့်အညီ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အဆင့်လိုက် အကောင်အထည် ဖော်လျက်ရှိသည်။

အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ ကျင်းပပြီး ဆန္ဒမဲပေးသူ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းတို့၏ ထောက်ခံမှုဖြင့် အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့သော အခြေအနေတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကြိုးပမ်းဖော်ဆောင်နိုင်မှုများကို မလိုလားသော ပြည်တွင်း ပြည်ပ အဖျက်သမားများက နည်းလမ်းအမျိုးမျိုးဖြင့် လုပ်ကြံဖန်တီး နှောင့်ယှက်ဖျက်ဆီးမှုများ ပြုလုပ်လာလျက်ရှိသည်။ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးအကြောင်းပြလှုပ်ရှားမှုများမှသည် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများအထိ လုပ်ဆောင်နေကြသဖြင့် အပြစ်မဲ့ပြည်သူများ စိုးရိမ်ထိတ်လန့် ကြောင့်ကြမှုများ ဖြစ်ပေါ်ပြီး သေကျေထိခိုက် ဒဏ်ရာရသူများလည်း ရှိခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၈)ပါ ဖော်ပြချက်များအရ ပြည်တွင်းဆူပူရေး၊ ဖောက်ခွဲဖျက်ဆီးရေး အဖျက်လုပ်ရပ်များကို အဓိကလုပ်ဆောင်နေသည့် အဖွဲ့သည် လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့ (HRDP)ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တစ်ဖက်နိုင်ငံ မဲဆောက်အခြေစိုက် မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု(FDB) သည်လည်း ပြည်တွင်း၌ရှိသည့် NLD လူငယ်အဖွဲ့ဝင်များကို တစ်ဖက်နိုင်ငံသို့ခေါ်ယူကာ ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများပေးပြီး အဖျက်လုပ်ရပ်များ ကျူးလွန်နေသည့် အကြမ်းဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည်။

ယင်းသို့ နိုင်ငံတော်ကို ဆန့်ကျင်နေသည့်အဖျက်သမားအင်အားစုများ၏ ဗုံးဖောက်ခွဲမှုများနှင့် နိုင်ငံ၏ တည်ငြိမ်အေးချမ်းသာယာမှုကို ဖျက်လို ဖျက်ဆီး လုပ်ဆောင်နေသည့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော် အဖျက်အမှောင့်လုပ်ရပ်ဟူသမျှကို ပြည်သူတစ်ရပ်လုံးက သတိပြုရှောင်ရှားပြီး ကြိုတင်တားဆီး ဖော်ထုတ်သွားကြရမည် ဖြစ်ပါသည်။ ။

ဆေးတက္ကသိုလ်(၂) (ရန်ကုန်) အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၁

ဆေးတက္ကသိုလ်(၂) (ရန်ကုန်)၌ ၁၉၈၂၊ ၁၉၈၃ နှင့် ၁၉၈၄ ခုနှစ်တို့တွင် ပထမနှစ် စတင်သင်ကြားခဲ့ကြသော သူငယ်ချင်းများအားလုံး စုပေါင်း၍ အာစရိယ ပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် စည်ကားစွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အာစရိယ ပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပနိုင်ရေးအတွက် အနယ်နယ်အရပ်ရပ်မှ သူငယ်ချင်းများနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ရာ ၁၉၈၂ ခုနှစ် သင်တန်းမှ ဒေါက်တာစိုးမင်းနိုင် ဖုန်း-၀၉၅၁ ၃၈၇၀၃၊ ၀၁-၆၅၁၈၁၅၊ ဒေါက်တာ ရဲထွဋ်ဦး ဖုန်း-၀၉၅၀ ၀၆၁၅၉၊ ၀၁-၆၉၉၄၃၄၊၀၁၆၉၉၀၈၇၊ ဒေါက်တာ အေးအေးဆန်း ဖုန်း-၀၉၅၁၁၄၅၃၆၊ ဒေါက်တာ အေးသီတာသန်း ဖုန်း-၀၉၅၁ ၃၆၈၁၀၊ ၀၁-၅၅၄၉၂၁၊ ဒေါက်တာစိုးထွန်းနိုင် ဖုန်း-၀၉၈၅ ၉၁၃၁၁၊ ၀၄၅ ၄၈၀၇၆၊ ၁၉၈၃ ခုနှစ်သင်တန်းမှ ဒေါက်တာတင်လှိုင် ဖုန်း-၀၉၅၁ ၉၉၅၉၆၊ ဒေါက်တာ ဝင်းနိုင်ထွန်း ဖုန်း-၀၉၅၁ ၂၄၇၂၀၊ ဒေါက်တာ နိုင်နိုင်အေး ဖုန်း-၀၁-၂၁၁၂၆၀၊၀၁-၇၂၂၁၄၅၊ဒေါက်တာ ညိုမီမေသင် ဖုန်း-၀၉၅၁ ၈၆၄၃၇၊ ဒေါက်တာစပယ်ဖြူ ဖုန်း-၀၉၅၀ ၁၄၁၇၃နှင့် ၁၉၈၄ခုနှစ် သင်တန်းမှ ဒေါက်တာကျော်မင်း ဖုန်း-၀၉၅၁ ၂၉၀၄၂၊ ၀၁-၅၈၅၀၅၉၊ ဒေါက်တာ အောင်မျိုးထွန်း ဖုန်း-၀၉၅၁ ၉၅၄၉၂၊ ဒေါက်တာစိုးနိုင် ဖုန်း-၀၉၅၁ ၄၁၉၃၉၊ ၀၁-၅၀၂၂၅၅၊ ဒေါက်တာသန့်ဇင်(တောင်ငူ) ဖုန်း-၀၉၂၀၀၆၇၆၄၊ ၀၁-၆၈၇၀၃၅၊ ဒေါက်တာ ကြူကြူအုန်းရှိန် ဖုန်း-၀၉၅၁ ၂၀၁၉၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယသမ္မတနိုင်ငံမှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးအား တွေ့ဆုံ

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်ငွေအား အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ကျောင်းအုပ်ကြီး Vice Admiral,S.Bhasin, AVSM, VSM ဦးဆောင်သော လေ့လာရေး ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၁

မန္တလေးမြို့၌ ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်မှ ကျောင်းအုပ်ကြီး Vice Admiral S. Bhasin, AVSM, VSM ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေအား စက်တင်ဘာ ၉ ရက် နံနက် ၈ နာရီတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ ရန်ကြီးအောင်ရိပ်သာ၌ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် ပြင်ဦးလွင်မြို့ရှိ စစ်တက္ကသိုလ်သို့ သွားရောက်လေ့လာကြရာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇေယျာအောင်နှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ကြည့်ရှုလေ့လာ

ထိုမှတစ်ဆင့် လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် တပ်မတော်နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြရာ တပ်မတော် နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဆန်းဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ကျောင်းအတွင်း လိုက်လံရှင်းလင်းပြသကြသည်။ ဆက်လက်၍ လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ နန်းမြင့်မျှော်စင်သို့ရောက်ရှိကြကာ နန်းမြင့်မျှော်စင်ပေါ်မှ ပြင်ဦးလွင်မြို့၏ရှုခင်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် ပြင်ဦးလွင်မြို့မှ ပြန်လည်ထွက်ခွာလာပြီး မန္တလေးမြို့ရှိ သမဝါယမဝန်ကြီးဌာန မန္တလေးတိုင်း သမဝါယမအသင်း ရတနာပူရ မြန်မာ့လက်မှုနှင့် အနုပညာဗိမာန်သို့ ရောက်ရှိ၍ဝင်ရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

တည်ခင်းဧည့်ခံ

ဆက်လက်၍ လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် မြနန်းစံကျော် ရွှေနန်းတော်ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြပြီး မန္တလေးတောင်သို့ ရောက်ရှိ၍ မန္တလေးတောင်ပေါ်မှ မန္တလေးမြို့အားကြည့်ရှုလေ့လာသည်။ ညပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကလေ့လာရေးကိုယ်စားလှယ်အဖွဲ့အား Sedona Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ လေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် ဒလမြို့နယ် ပြည်သူ့ဆေးရုံ ခန်းမဆောင်၌ ကျင်းပသည်။

အစီအစဉ်အရ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြင်မြိုင်နှင့်တာဝန်ရှိသူများ၊ ရန်ကုန်တောင်ပိုင်းခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများက ရေသန့်စက်အပါအဝင် ထောက်ပံ့ရေးပစ္စည်းများကို လေဘေးသင့်ပြည်သူများ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ကြသည်။အခမ်းအနားအပြီးတွင်ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြင်မြိုင်သည် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး **(အောက်ပုံ)**ဒလမြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသော လူနာများကို အားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

မြန်မာနိုင်ငံ ပြန်တမ်း

နေပြည်တော် စက်တင်ဘာ ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးစံရွှေသာအား အလုပ်သမားဝန်ကြီးဌာန ဗဟိုပြည်တွင်း ကုန်တင်ကုန်ချ ကော်မတီရုံးညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။ (သတင်းစဉ်)

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏ အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

ဓမ္မပဒ(၂၈)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ဘုတ်ပြင်းမြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုများကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၁

တနင်္သာရီတိုင်း ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၆ရက် နံနက်ပိုင်းတွင် ဘုတ်ပြင်းမြို့ ကမာချောင်းကျေးရွာအုပ်စု တောင်သူ ဦးကြည်ဟုန်၏ ရွှေဘို(၁) စပါးနှစ်ဧက စိုက်ခင်းနှင့် ကျော်ဇေယျစပါး လေးဧက စိုက်ခင်းအား မြေသြဇာသုံးဆနှင့် ယူရီးယားဓာတ်မြေသြဇာတစ်ဆ ရောစပ်ကြဲပက်နေမှုတို့ကို ကြည့်ရှု အားပေးသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး သပြေခန်းမ၌ ဘုတ်ပြင်းမြို့နယ်နှင့် ပြည်ကြီးမဏ္ဍိုင်မြို့တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံရာ ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဇင်၊ ပြည်ကြီးမဏ္ဍိုင်မြို့ မြို့အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဒေသအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများ၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်သာအေးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့နယ် ပြည်သူ့ဆေးရုံ ခုတင် ၅၀ သို့ သွားရောက်ကြပြီး တောင်ဒဂုံဆီအုန်းကုမ္ပဏီက လှူဒါန်းငွေကျပ် သိန်း ၅၃၀ ဖြင့် အကြီးစား ပြုပြင်မွမ်းမံထားသည့် လူနာဆောင်များ ကြွေပြားခင်းကျင်းထားမှု၊ ဆေးရုံအတွင်းပြန်လည်ပြုပြင်ထားရှိမှုများ၊ ခွဲစိတ်ခန်းတိုးချဲ့ဆောင် တည်ဆောက်နေမှုနှင့် မွေးခန်းတည်ဆောက်မည့်မြေနေရာ၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဆေးပေးခန်း တို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက် လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကာ အားပေးစကားပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ဘုတ်ပြင်းတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ အမှာစကားပြောကြားပြီး မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ဘုတ်ပြင်းတပ်နယ်ရိပ်သာ၌ ကော့သောင်းခရိုင် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြပြီး ဘုတ်ပြင်းမြို့နယ် ဗိုလ်လှဖေ ဆိပ်ခံတံတားသို့ရောက်ရှိကြပြီး တံတား၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တံတားပြုပြင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်သာအေးကလိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ကျွန်းစုမြို့နယ် ပန်းလုံးအော်ကျွန်း၌ ကျော်ကျော်ဖြိုးကုမ္ပဏီလီမိတက်က စိုက်ပျိုးထားရှိသည့် ပင်လယ်ရေညှိများ သန့်စင်ဆေးကြောနေမှုများနှင့် အခြောက်လှန်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ကျွန်းစုမြို့နယ် ပန်းလုံးအော်ကျွန်း၌ ကျော်ကျော်ဖြိုး ကုမ္ပဏီလီမိတက်က စိုက်ပျိုးထားရှိသည့် ပင်လယ်ရေညှိများ သန့်စင်ဆေးကြောနေမှုများနှင့် အခြောက် လှန်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၂၀၁၀ကမ္ဘာ့ဖလား ဥရောပဇုန်ခြေစစ်ပွဲ ဒုတိယပွဲစဉ်များပြီးဆုံး အင်္ဂလန်ခြေစွမ်းပြပြီး ခရိုအေးရှားကို ဂိုးပြတ်ဖြင့်အနိုင်ယူ

လန်ဒန် စက်တင်ဘာ ၁၁

၂၀၁၀ကမ္ဘာ့ဖလား ဥရောပဇုန်ခြေစစ်ပွဲ ဒုတိယပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၀ ရက်က ယှဉ်ပြိုင်ကစားခဲ့ကြပါတယ်။ ဥရောပဇုန်ရဲ့ အုပ်စု(စ)မှာ ခရိုအေးရှားနဲ့ နာမည်ကြီး အင်္ဂလန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်က ခရိုအေးရှားကို အဝေးကွင်းမှာ လေးဂိုး-တစ်ဂိုးနဲ့ ခြေပြတ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့ပါတယ်။

ယနေ့ပွဲမှာ အင်္ဂလန်နည်းပြ ကာပယ်လိုဟာ ရှေ့တန်းမှာ ဒီဖိုးကိုမသုံးဘဲ ဟတ်စကီးတစ်ဦးတည်းကို အထောင်ထားပြီး ဝိန်းရွန်းနေနဲ့ ဝေါလ်ကော့တို့ကိုရံပြီး ကစားစေခဲ့ပါတယ်။ ပွဲစတာနဲ့ အိမ်ရှင်ခရိုအေးရှားတို့က အင်္ဂလန်အပေါ် အသာစီးရရှိရေးအတွက် ခပ်ကြမ်းကြမ်း ခပ်မာမာကစားပြီး တရကြမ်း တိုက်စစ်ဆင် ကစားခဲ့ပါတယ်။ ဒါပေမယ့် အင်္ဂလန်အလယ်တန်းကစားသမားများဖြစ်တဲ့ လမ်းပတ်၊ ဘယ်ရီ၊ ဂျိုကိုးလ်နဲ့ ဝိန်းရွန်းနေတို့က ခရိုအေးရှားရဲ့ကစားကွက်ကို ကောင်းကောင်း ထိန်းချုပ်နိုင်ခဲ့ကြပါတယ်။ နောက်တန်းက ဂျွန်တယ်ရီနဲ့ ဖာဒီနန်တို့က လည်း ခရိုအေးရှားရဲ့ တိုက်စစ်ကို အကောင်းဆုံးကာကွယ်နိုင်ခဲ့တာကို တွေ့ရပါတယ်။

ယူရို ၂၀၀၈ ခြေစစ်ပွဲမှာ နှစ်ပွဲလုံး ရှုံးခဲ့တဲ့ အင်္ဂလန်ဟာ ယခုပွဲမှာ အဝေးကွင်းဖြစ်ပေမယ့် ပထမပိုင်းမှာ ဝေါလ်ကော့ကတစ်ဂိုး၊ ဒုတိယပိုင်းမှာ ဝိန်းရွန်းနေက တစ်ဂိုးနဲ့ ဝေါလ်ကော့က တစ်ဂိုးသွင်းယူပြီး သုံးဂိုးနဲ့ဦးဆောင်နေချိန်မှာ အိမ်ရှင်ကို တစ်ဂိုးပြန်ပေးခဲ့ရပါတယ်။ ဒါပေမယ့် ပွဲပြီးခါနီးမှာ အာဆင်နယ်လူငယ်တိုက်စစ်မှူး ဝေါလ်ကော့ကပဲ သူရဲ့ ဟက်ထရစ်ဂိုးကို သွင်းယူပြီး ပွဲအပြီးမှာ အင်္ဂလန်က တစ်ယောက်လျော့ ခရိုအေးရှားကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

အင်္ဂလန်အသင်းအတွက် ဂိုး-ဒေးဗစ်ဂျိမ်း၊ နောက်တန်း-ဂျွန်တယ်ရီ၊ ဖာဒီနန်၊ ဝက်စ်ဘရောင်း၊ အက်ရှ်လေကိုး၊ အလယ်တန်း-လမ်းပတ်၊ ဘယ်ရီ၊ ဂျိုကိုးလ်၊ ဝိန်းရွန်းနေ၊ ရှေ့တန်း-ဟတ်စကီးနဲ့ ဝေါလ်ကော့တို့ ပါဝင်ကစားသွားခဲ့ပါတယ်။ ဒုတိယပိုင်းမှာ ခေါင်းပေါက်သွားတဲ့ ဂျိုကိုးလ် အစား ဂျီးနပ်စ်၊ ဝေါလ်ကော့အစား ဒေးဗစ်ဘက်ခမ်းတို့ လူစားဝင်ရောက်ကစားသွားခဲ့ပါတယ်။

ဥရောပဇုန် ခြေစစ်ပွဲများမှာ အုပ်စု(က)၌ အယ်ဘေးနီးယားက နှစ်ပွဲလေးမှတ်၊ အုပ်စု(ခ)၌ ဂရိက နှစ်ပွဲခြောက်မှတ်၊ အုပ်စု(ဂ)၌ ပိုလန်က နှစ်ပွဲလေးမှတ်၊ အုပ်စု(ဃ)၌ ဂျာမနီက နှစ်ပွဲလေးမှတ်၊ အုပ်စု(င)၌ စပိန်က နှစ်ပွဲခြောက်မှတ်၊ အုပ်စု(စ)၌ အင်္ဂလန်က နှစ်ပွဲခြောက်မှတ်၊ အုပ်စု(ဆ)၌ လစ်သူရေးနီးယားက နှစ်ပွဲခြောက်မှတ် အုပ်စု(ဇ)၌ လက်ရှိချန်ပီယံ အီတလီက နှစ်ပွဲခြောက်မှတ်နဲ့ အုပ်စု(ဈ)၌ နယ်သာလန်က တစ်ပွဲသုံးမှတ်တို့ဖြင့် အသီးသီး ဦးဆောင်နေကြပါတယ်။

ဝင်းတင်(ကြေးမုံ)

အင်္ဂလန်အသင်းအတွက် ဟက်ထရစ်ဂိုး သွင်းယူပေးခဲ့သည့် ဝေါလ်ကော့အား ကစားဖော်များဖြစ်သည့် ဝိန်းရွန်းနေနှင့် ဖာဒီနန်တို့ ဂုဏ်ပြုစဉ်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၉-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"သမထဝိပဿနာ" တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇း၅၅ - ၁း၅၅	စားသုံးသူတို့လိုအပ်ချက် ရေတာရှည်သကြားစက်
၈း၁၀ - ၂း၁၀	တေးဂီတအစီအစဉ်
၈း၁၅ - ၂း၁၅	VJ Choice
၈း၃၅ - ၂း၃၅	Omega-3 fatty acid
၈း၅၅ - ၂း၅၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅ - ၃း၂၅	ကွန်းခိုရာ
၉း၄၅ - ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	Art Vision (Colours of Rainbow)
၁၀း၁၀ - ၄း၁၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးနှင့် ဆွေးနွေးခန်း)
၁၀း၂၅ - ၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ - ၄း၃၀	Movie Mistakes (Spider Man)
၁၀း၅၅ -၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀ - ၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	သမထကျင့်စဉ်လမ်းဆက်ထွင် ဝိပဿနာမဂ္ဂင်
၁၁း၃၅ - ၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅ - ၅း၄၅	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၂း၀၅ - ၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀ - ၆း၁၀	အိမ်တွင်းစီးပွားမုန့်လုပ်နည်းပညာများ (ဆိတ်သားပေါ့ဖ်ပြုလုပ်နည်း)
၁၂း၃၀ - ၆း၃၀	Yangon Panorama (အိပ်မက်ထဲကကောင်းကင် ပညာပေးဇာတ်ကားဖြန့်ချိခြင်း အခမ်းအနား)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အမေရိကန်ဒေါ်လာငွေကို ဘရာဇီးနှင့် အာဂျင်တီးနား ဖယ်ရှားမည်

ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၁၀

ဘရာဇီးနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့သည် နှစ်နိုင်ငံ ကုန်သွယ်ရေးတွင်ငွေပေးချေရာ၌အမေရိကန်ဒေါ်လာအား ကြားခံငွေကြေးအဖြစ် အသုံးပြုခြင်းမှဖယ်ရှားပြီးဘရာဇီးငွေရီးအိုင်(စ်)နှင့် အာဂျင်တီးနားငွေ ပီဆိုတို့ကို အစားထိုးသုံးစွဲရန် တနင်္လာနေ့က သဘောတူညီကြသည်။

ဘရာဇီးသမ္မတ လူးဝစ်အင်နာစီယိုဒါဆီးလ်ဗားနှင့် အာဂျင်တီးနားသမ္မတ ခရစ်ကီးနားကတ်ချ်နာ တို့သည် ဘရာဇီးမြို့တော် ဘရာဇီးလီးယားတွင် သဘောတူချက် လက်မှတ်ရေးထိုးခဲ့သည်။

ဘရာဇီးဘဏ္ဍာရေးဝန်ကြီး ဂွီဒိုမန်တီဂါး အဆိုအရ စနစ်သစ်သည် ကြားခံငွေကြေး၏ ကုန်ကျစရိတ်ကို လျှော့နည်းစေပြီး နှစ်နိုင်ငံမှ ကုမ္ပဏီများအတွက် ကုန်သွယ်ရာတွင် ပိုမိုလွယ်ကူလာစေသည်ဟု ဆိုသည်။

ယခုသဘောတူညီချက်သည် ဘရာဇီး၊ အာဂျင်တီးနား၊ ပါရာဂွေးနှင့် ဥရုဂွေးတို့ပါဝင်သောမာကိုဘာအဖွဲ့၏ တစ်ခုတည်းသော ဘုံငွေကြေးသုံးစွဲမှုဆီသို့ ဦးတည်နေသော ပထမဆုံးခြေလှမ်းဖြစ်သည်ဟု မန်တီဂါးက ပြောကြားသည်။

ဘရာဇီးနှင့် အာဂျင်တီးနားတို့၏ နှစ်စဉ်ကုန်သွယ်မှုတန်ဖိုးသည်ဒေါ်လာ ၂၅ ဘီလီယံအထိ ရှိသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဖမ်းဆီးရမိထားသော မူးယစ်ဆေးဝါး ဂိုဏ်းသားများ၊ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးရောင်းရသည့် ငွေများကို စက်တင်ဘာ ၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်း ဗာဗူနီယာပြည်နယ်တွင် ဖြစ်ပွားသော သီရိလင်္ကာတပ်ဖွဲ့များနှင့် တမီးလ်ကျား သူပုန်များအကြား တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသူတစ်ဦးအား ဆေးရုံသို့ သယ်ဆောင်လာသည်ကို စက်တင်ဘာ ၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဒန်းဟီးလ်စီးကရက်ကုမ္ပဏီကို ရုရှား တရားစွဲမည်

မော်စကို စက်တင်ဘာ ၁၀

ရုရှားနိုင်ငံသည် ဗြိတိသျှအမေရိကန်တိုဘာကို စီးကရက်ကုမ္ပဏီ (ဘီအေတီ)အား မဟုတ်မမှန်သော သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ ဥရောပတွင် ဖြန့်ချိသော စီးကရက်ထက် အဆင့်နိမ့်သော စီးကရက်များ ရောင်းချခြင်းတို့ကြောင့် တရားစွဲဆိုမည်ဖြစ်ကြောင်း၊ နိုင်ငံတော် စားသုံးသူများ အခွင့်အရေး ကာကွယ်စောင့်ကြည့်ရေးအဖွဲ့ ရော့စ်ပိုထရက်နာဇော်က တနင်္လာနေ့တွင် ပြောကြားသည်။

နိုင်ငံတကာတွင် လူသိများသော ဒန်းဟီးလ်နှင့် လပ်ကီးစရိုက်တံဆိပ်များကို ထုတ်လုပ်သည့် ဘီအေတီက အဆိုပါစွပ်စွဲချက်ကို ငြင်းဆိုသည်။

ဗြိတိသျှအမေရိကန် တိုဘာကိုသည် ရုရှားနိုင်ငံအတွင်း လှုပ်ရှားဆောင်ရွက်မှုအားလုံးသည် ရုရှားနိုင်ငံ ဥပဒေများကို အပြည့်အဝ လိုက်နာသည်ဟု ဘီအေတီဒါရိုက်တာ အလက်ဇန္ဒြာလူတီက ပြောကြားသည်။

စားသုံးသူများ အခွင့်အရေး ကာကွယ်စောင့်ကြည့်ရေးအဖွဲ့မှအကြီးအကဲဖြစ်သူ ဂျင်းနာဒီအိုနစ်ချင်ကိုက အန္တရာယ်ဖြစ်စေသောအဆိပ်အတောက်ကုန်ပစ္စည်းများအားဥရောပစည်းမျဉ်းများနှင့်မညီဘဲ ရောင်းချနိုင်သည့် ရုရှားဈေးကွက်ကို ဘီအေတီမှ ပုဂ္ဂိုလ်များက အလွန်နှစ်သက်ကြသည်ဟု သတင်းထောက်များအား ပြောကြားသည်။ ဆက်လက်၍ ဥပဒေကြောင်းအရ လိုအပ်သော သက်ဆိုင်သည့် စာရွက်စာတမ်းများကို ဘီအေတီကုမ္ပဏီသို့ ပေးပို့ပြီးဖြစ်သည်ဟု ပြောကြားသည်။

ဘီအေတီက မည်သည့်စာရွက် စာတမ်းမျှ မရရှိကြောင်း တုံ့ပြန်သည်။

ရုရှားနိုင်ငံသည်ကမ္ဘာ့အကြီးမားဆုံးသော ဆေးလိပ်ဈေးကွက်များထဲတွင် ပါဝင်သည်။ ဥရောပနိုင်ငံများ၏ နံပါတ်တစ်ဈေးကွက်ဖြစ်ပြီး ဘားဆိုင်များ၊ စားသောက်ဆိုင်များတွင် ဆေးလိပ်သောက်ခြင်းကို ခွင့်ပြုထားပြီး စီးကရက်ကြော်ငြာများကိုလည်း နေရာအနှံ့အပြားတွင် မြင်တွေ့ရသည်။ ဘီအေတီသည် ရုရှားစီးကရက်ဈေးကွက်ကို ၂၂ ရာခိုင်နှုန်း ထိန်းချုပ်ထားသည်ဟု လေ့လာသူများက ခန့်မှန်းသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန် ဘတ်ဂျက် လိုငွေဒေါ်လာ ၄၀၇ ဘီလီယံ ဖြစ်ပေါ်မည်

ဝါရှင်တန် စက်တင်ဘာ ၁၀

အမေရိကန်ဗဟို အစိုးရ၏ ယခုနှစ်ဘတ်ဂျက်သည် ဒေါ်လာ ၄၀၇ ဘီလီယံ လိုငွေဖြစ်ပေါ်မည်ဖြစ်ကြောင်း ကွန်ဂရက်လွှတ်တော်ဘတ်ဂျက်ဌာန (စီဘီအို)က စက်တင်ဘာ ၉ ရက်တွင် ထုတ်ပြန်သည်။

အမေရိကန်အစိုးရ၏ ယခုဘဏ္ဍာနှစ်သည် စက်တင်ဘာ ၃၀ ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။ အစိုးရ၏ ၂၀၀၈-၂၀၀၉ ခုနှစ် ဘတ်ဂျက်သည် ယခုနှစ်ဘတ်ဂျက်ထက်ပင် ပို၍များပြားသော လိုငွေများ ဖြစ်ပေါ်နိုင်ကြောင်း ကွန်ဂရက်လွှတ်တော်ဘတ်ဂျက်ဌာနက မျှော်မှန်းထားသည်။

ရှေ့နှစ်ဘတ်ဂျက်ကာလတွင် ဖြစ်ပေါ်မည့်လိုငွေသည် အမေရိကန်ဒေါ်လာ ၄၃၈ ဘီလီယံရှိမည်ဖြစ်၍ အမြင့်ဆုံးသော လိုငွေပင်ဖြစ်မည်ဟုဆိုသည်။ စီးပွားရေးအခြေအနေ ဆိုးရွားနေသော အိမ်ရာမြေ အပေါင်ခံ ငွေချေးလုပ်ငန်းကြီးများဖြစ်သည့် ဖာနီမေးနှင့် ဖရက်ဒီမက်တို့ကို ဗဟိုအစိုးရက လွှဲပြောင်းတာဝန်ယူမည်ဖြစ်၍ ဘတ်ဂျက်လိုငွေများပြားသွားရခြင်း ဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်သမ္မတရွေးကောက်ပွဲ ၂၀၀၉ ခုနှစ် ဇွန်လတွင် ကျင်းပမည်

တီဟီရန် စက်တင်ဘာ ၁၀

ရှေးရိုးအယူအဆရှိသည့် အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်၏ စီးပွားရေးမူဝါဒများနှင့် ပတ်သက်၍ ဝေဖန်မှုများ ကြီးထွားလာလင့်ကစား ဒုတိယ လေးနှစ်သက်တမ်းအဖြစ် ၂၀၀၉ ခုနှစ်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံဖွယ်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အခြေခံဥပဒေဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့ ဖြစ်သည့် ဦးသျှောင်ကောင်စီနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့က ရွေးကောက်ပွဲကျင်းပမည့်ရက်ကို သဘောတူညီထားသည်ဟု အီရန်မီဒီယာသတင်းဌာနက ပြောကြားသည်။ ရွေးကောက်ပွဲကို ၂၀၀၉ ခုနှစ်လယ်တွင် ကျင်းပရန် လျာထားသည်။

ဒသမအကြိမ် ရွေးကောက်ပွဲကို လာမည့်နှစ် ဇွန်လ ၂၂ ရက်တွင် ကျင်းပမည်ဟု ရွေးကောက်ပွဲဆိုင်ရာ အကြီးအကဲဖြစ်သူ အလီရီဇာက ဖာစ်သတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်၊ ထိုင်းနှင့် အီရန်တို့ ပူးပေါင်း၍ ကမ္ဘာပတ်လမ်းကြောင်းသို့ ဂြိုဟ်တုတစ်လုံးလွှတ်တင်

တီဟီရန် စက်တင်ဘာ ၁၀

မြေလျှင်လှုပ်မှုကဲ့သို့သောသဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ရည်ရွယ်၍ တရုတ်၊ အီရန်နှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်းသုတေသန ဂြိုဟ်တုတစ်လုံးကို တရုတ်ဒုံးပျံဖြင့် တနင်္ဂနွေနေ့တွင် လွှတ်တင်ခဲ့ကြောင်း အီရန်ဝန်ကြီးက ထိုနေ့မှာပင် ပြောကြားသည်။

အီရန်က နမူနာဂြိုဟ်တုတစ်လုံးကို ပြည်တွင်းလုပ် ဒုံးပျံဖြင့် ကမ္ဘာပတ်လမ်းကြောင်းသို့ ပထမဆုံးအကြိမ်အဖြစ် လွှတ်တင်ခဲ့သည်ဟု ဩဂုတ် ၁၇ ရက်တွင် ပြောကြားပြီးနောက် ရက်သတ္တပတ် အနည်းငယ်အတွင်း ဖော်ပြပါကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ယင်းသို့ လွှတ်တင်မှုသည် အောင်မြင်မှုမရှိဟု အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ကင်မရာများ တပ်ဆင်ထားသည့် အဆိုပါဂြိုဟ်တု လွှတ်တင်ရာတွင် ဖော်ပြပါသုံးနိုင်ငံက ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်ဟု ဆက်သွယ်ရေးဌာနဝန်ကြီး ဆိုလေမန်နီက ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင်ကမ္ဘာပတ်လမ်းကြောင်းသို့ ဂြိုဟ်တုကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း၊ အီရန်၊ တရုတ်နှင့် ဒေသဆိုင်ရာ နိုင်ငံများသည် သဘာဝဘေးအန္တရာယ် ထူပြောသည့် နိုင်ငံများဖြစ်ကြောင်း အာကာသသုတေသနပြုရေးကဏ္ဍတွင် မိမိတို့ကောင်းမွန်သည့်လုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း ၎င်းဝန်ကြီးက နိုင်ငံပိုင်ရုပ်မြင်သံကြား အစီအစဉ်သို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တူရကီ၌ ဘတ်စ်ကား လမ်းဘေးထိုးကျ အီရန်ခရီးသည် ၁၆ ဦး သေဆုံး

အစ္စတန်ဘူလ် စက်တင်ဘာ ၁၀

တူရကီနိုင်ငံ အရှေ့ပိုင်း အဂရီပြည်နယ်တွင် စက်တင်ဘာ ၈ ရက်က ဘတ်စ်ကားတစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျခဲ့ရာ အီရန်ခရီးသည် ၁၆ ဦး သေဆုံးပြီး ၃၂ ဦး ဒဏ်ရာရရှိကြောင်း အနာတိုလီယာသတင်းဌာနက ပြောကြားသည်။

ယင်းခရီးသွားများသည် အာမေနီးယားမျိုးနွယ် အီရန်လူမျိုးများ ဖြစ်ကြသည်။ ၎င်းတို့သည် လူ ၉၀ ပါဝင်သောအုပ်စုမှဖြစ်ပြီး တူရကီနိုင်ငံ အရှေ့ပိုင်းရှိ သမိုင်းဝင်နေရာများအား ရက်သတ္တပတ်ကြာ လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အခင်းဖြစ်ပွားရာသို့ လူနာတင်ယာဉ်များ ရောက်ရှိလာပြီး ဘတ်စ်ကားအတွင်း ပိတ်မိနေသော ခရီးသည်များကို ကယ်တင်ရန် ကြိုးပမ်းကြသည်။ ဒဏ်ရာရရှိသူများကို ဗင်၊ အဂရီနှင့်အီဂဒါပြည်နယ်ဆေးရုံများသို့ တင်ပို့ခဲ့ကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အပူပိုင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဟေတီကျွန်းနိုင်ငံ၏ ဒုတိယအကြီးဆုံး မြို့ဖြစ်သော ဂိုနားဗီးစ်တွင် ရေကြီးနေသည်ကို စက်တင်ဘာ ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နှင့် အာဖဂန်နစ္စတန်
စစ်ဘေးဒုက္ခမြင်ကွင်းများ

အာဖဂန်နစ္စတန်နိုင်ငံ ကင်ဒါဟာပြည်နယ်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးနေသည့်ယာဉ်များကို စက်တင်ဘာ ၁၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူ ၅၁၇ ဦးရှိပြီ

ဝါရှင်တန် စက်တင်ဘာ ၁၁

အာဖဂန်နစ္စတန်နိုင်ငံကို ၂၀၀၁ ခုနှစ်တွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်ပြီးနောက် တိုက်ခိုက်မှုများအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးသူဦးရေသည် ၅၁၇ ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ်က စက်တင်ဘာ ၁၀ ရက်တွင် ထုတ်ပြန်သည်။

ဖော်ပြပါဦးရေအနက် အမေရိကန်တပ်ဖွဲ့ဝင် ၃၆၈ ဦးမှာ ရန်လိုသောတိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်သည်ဟုဆိုသည်။

အင်တာနက်။

အီရတ်နိုင်ငံ ကဘာလာတွင် ဗုံးပေါက်ကွဲ အမျိုးသမီးနှင့်ကလေးများ သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၁

အီရတ်နိုင်ငံ ကဘာလာမြို့၌ စက်တင်ဘာ ၁၀ရက်က အချိန်တစ်နာရီခြား၍ဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ နှစ်ဦးသေဆုံးပြီး ၁၅ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့နှင့် ဆေးရုံအသိုင်းအဝိုင်းမှလာသော သတင်းအရ သိရှိရသည်။

ထိခိုက်ဒဏ်ရာရသူများတွင် အမျိုးသမီးနှင့် ကလေးများပါဝင်ကြောင်း သတင်းကဖော်ပြသည်။ ဆွန်နီများအထွတ်အမြတ်ထားရာ ကဘာလာမြို့ အီမန်ဟူစိန်အဆောက်အအုံအနီးတွင် နံနက် ၁၁ နာရီက ပထမဗုံးပေါက်ကွဲခဲ့ရာ တစ်ဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိခဲ့သည်။ ဒုတိယဗုံးတစ်လုံးသည် အစိုးရအဆောက်အအုံ၏ ပြင်ပတွင်ပေါက်ကွဲခဲ့ရာ တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကာ အနီးရှိအိမ်အချို့ ပျက်စီးသွားခဲ့သည်။ ***အင်တာနက်။***

အာဖဂန်တွင် ရဲတပ်ဖွဲ့ကားကို ဗုံးခွဲတိုက်ခိုက် အရပ်သား ခုနစ်ဦး ဒဏ်ရာရ

ကဘူးလ် စက်တင်ဘာ ၁၁

အာဖဂန်နစ္စတန်အလယ်ပိုင်း ဂါဇနီပြည်နယ် ဂါဇနီမြို့၌ ရဲတပ်ဖွဲ့ကားတစ်စီးကို လမ်းဘေးဗုံးဖြင့်ဖောက်ခွဲတိုက်ခိုက်ရာ အရပ်သားခုနစ်ဦး ဒဏ်ရာရရှိသွားသည်။

ဂါဇနီမြို့တွင်း လမ်းတစ်လမ်းပေါ်တွင် ကြာသပတေးနေ့ နံနက် ၉ နာရီခန့်တွင် ရဲတပ်ဖွဲ့ကားတစ်စီးအား စက်ဘီးတစ်စီးတွင် ဗုံးတပ်ဆင်၍ တိုက်ခိုက်ခြင်းဖြစ်သည်။

ထိုတိုက်ခိုက်ခြင်းကြောင့် အရပ်သား ခုနစ်ဦး ဒဏ်ရာရရှိပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးမျှ ဒဏ်ရာမရရှိကြောင်း ပြည်နယ် အုပ်ချုပ်ရေးမှူးရုံးက ပြောကြားသည်။

မည်သည့်အဖွဲ့ကမှ ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း မကြေညာခဲ့ပေ။ ယခုနှစ်အတွင်း ယနေ့အထိ အရပ်သား ၁၀၀၀ ခန့် အပါအဝင် သေဆုံးသူပေါင်း ၃၇၀၀ ကျော်သွားပြီဖြစ်သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ နင်နီဗားပြည်နယ် မိုဆူးလ်မြို့၌ ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးနေသည့် ကားများကို စက်တင်ဘာ ၈ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး ကိုးဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၁

အီရတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဒီရာလာပြည်နယ် ဂျာလူလာမြို့၌ စက်တင်ဘာ ၉ ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး ကိုးဦးသေဆုံးကြောင်း အီရတ်လုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။

ယင်းဒေသရှိ အီရတ်နယ်ခြားစောင့်တပ်ဖွဲ့က ကိုးဦးသေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိသည်ဟုဆိုသည်။ ပြည်နယ်ရဲတပ်ဖွဲ့က သေဆုံးသူ ၁၂ ဦးဖြစ်ပြီး ဒဏ်ရာရရှိသူ ၄၀ရှိကြောင်း ပြောကြားသည်။

ဒီရာလာပြည်နယ်သည် ဆွန်နီစစ်သွေးကြွများ ကြီးစိုးရာဒေသ တစ်ခုဖြစ်ပြီး အီရတ်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှု များစွာဖြစ်ပွားသည့်နေရာလည်းဖြစ်ကြောင်း သိရသည်။ ***အင်တာနက်။***

လော့စ်အိန်ဂျလိစ်၌ မီးလောင်မှုဖြစ်ပွား လေးဦး သေဆုံး

လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၁၁

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ လန်ကာစတာဒေသ၌ စက်တင်ဘာ ၉ ရက်က အိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားရာ လေးဦးသေဆုံးကြောင်း၊ မီးသတ်သမားများက အခြား သေဆုံးသူများကို ရှာဖွေလျက်ရှိကြောင်း မီးသတ်တပ်ဖွဲ့တာဝန်ရှိသူက ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲ ဖြစ်ကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖရိကအမျိုးသမီးများကို မတော်မတရားပြုမှုဖြင့် ကုလသမဂ္ဂဝန်ထမ်းဟောင်း ပြင်သစ်၌ စစ်ဆေးခံရ

ပါရီ စက်တင်ဘာ ၁၁

ကုလသမဂ္ဂဝန်ထမ်းဟောင်းတစ်ဦးသည် အရွယ်မရောက်သေးသည့် အာဖရိက အမျိုးသမီးများကို မတော်မတရား ပြုမှုဖြင့် အင်္ဂါနေ့က ပြင်သစ်နိုင်ငံ၌ ရုံးတင်စစ်ဆေးခံရသည်။ ၎င်းသည် ၁၉၉၈ ခုနှစ်မှ ၂၀၀၄ ခုနှစ်ကြားတွင် အာဖရိက၌ ကုလသမဂ္ဂ မစ်ရှင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၎င်းဝန်ထမ်းမှာ ဒီဒရာဘောဂတ် ဆိုသူဖြစ်သည်။ ၎င်းသည် ၁၉၉၄ ခုနှစ် မှစ၍ ကုလသမဂ္ဂတွင် စက်ပြင်အလုပ်ကို ဆောင်ရွက်ခဲ့သူဖြစ်သည်။ ၎င်းသည် အမျိုးသမီးငယ်များအား စော်ကားခြင်းနှင့် မတော်တရော် ဓာတ်ပုံများ ရိုက်ကူးခဲ့သည်။ ထိုပြစ်မှုများ ကျူးလွန်ကြောင်း ထင်ရှားပါက ထောင်ဒဏ်အနှစ် ၂၀ ကျခံရမည်ဖြစ်သည်ဟုဆိုသည်။

ပါရီမြို့တွင် အမှုကို စတင်ကြားနာစစ်ဆေးချိန်၌ ၎င်းစော်ကားခဲ့သူများအနက်မှ တစ်ဦးသည် ရုံးတော်သို့ အမှုကြားနာရန် ရောက်ရှိလာသည်။ ဘော်ဂတ်သည် အမျိုးသမီးများနှင့် လိင်ရှုပ်ထွေးမှုရှိခဲ့ကြောင်း ဝန်ခံခဲ့သော်လည်း ၎င်းတို့၏ သဘောတူကြည်ဖြူမှုရှိခဲ့ကြောင်း ပြောကြားသည်။

၎င်းသည် ထိုအမျိုးသမီးများနှင့် ဆက်ဆံခဲ့မှုနှင့် မတော်တရော် ဓာတ်ပုံရိုက်မှုများရှိခဲ့သည်ဟု လည်းကောင်းကဝန်ခံခဲ့သည်။ သို့သော် ထိုအမျိုးသမီးများကို မတရားစော်ကားခြင်း မပြုလုပ်ခဲ့ပါဟု ထွက်ဆိုသည်။

ဘောဂတ်သည် ၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အကြားတွင် အာဖရိကအလယ်ပိုင်း၌ မစ်ရှင်လုပ်ငန်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ် အကြားတွင် ကွန်ဂိုဒီမိုကရက်တစ်ပြည်သူ့ သမ္မတနိုင်ငံ၌ တာဝန်ထမ်းရွက်ခဲ့သည်မှာ မှန်ကန်သည်။ သို့ရာတွင် အမှုသည်အနေဖြင့် ထိုအမျိုးသမီးများမှာ အသက်မပြည့်သူများဖြစ်ကြောင်းကို မသိရှိခဲ့ကြောင်း ၎င်း၏ရှေ့နေက သတင်းထောက်များကို ပြောကြားသွားသည်။

ဘောဂတ်၏မိန်းမငယ်များနှင့် ဆက်နွှယ်ပုံဓာတ်ပုံ၊ ဗီဒီယို ခွေမှတ်တမ်းများကို ၎င်း၏ ကိုယ်ပိုင်ကွန်ပျူတာတွင်လည်းကောင်း၊ ဗီဒီယိုရိုက်ကူးထားချက်များကို လည်းကောင်း ရဲတပ်ဖွဲ့က တွေ့ရှိဖော်ထုတ်နိုင်ခဲ့၍ တရားရုံး၌ တင်ပြခဲ့ကြောင်း သတင်းကဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း မြို့တော်ယီချွမ်ရှိ စူပါမားကက်၌ သစ်သီးများ စုပုံရောင်းချနေသည်ကို စက်တင်ဘာ ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်တွင် သားအမိလေးဦး ရေအိမ်သန့်စင်ဆေးဖြင့် သတ်သေ

မနီလာ စက်တင်ဘာ ၁၁

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ တောင်ပိုင်းပြည်နယ်တွင် အသက်(၃၂)နှစ်အရွယ်ရှိ အမျိုးသမီးသည် ၎င်း၏ သမီးသုံးဦးအား ရေအိမ်သန့်စင် ဆေးရည်ကို အတင်းအဓမ္မသောက်ခိုင်းစေပြီး သတ်ခဲ့သည်။ ထို့နောက်တွင် ယင်းအဆိပ်ရည်ကို ကိုယ်တိုင်လည်း သောက်သုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် စစ်ဆေးတွေ့ရှိသည်။ ကျေးလက်အိမ် တစ်အိမ်အတွင်း၌ အရဏ်တက်ချိန်က အသက်နှစ်နှစ်မှ လေးနှစ်အရွယ်ရှိ သေဆုံးနေသော ကလေးများဘေးတွင် မိခင်ကိုယ်တိုင် လဲကျနေသည်ကို အိမ်နီးချင်းများက တွေ့ရှိခဲ့သည်ဟု လာဂူနာပြည်နယ် ရဲတပ်ဖွဲ့အကြီးအကဲ လီအိုမာဇန်က သတင်းထောက်များကို ပြောကြားသည်။ လဲကျနေသော ၎င်းအမျိုးသမီး၏ လက်ဝယ်တွင် ရေအိမ်သန့်စင်ဆေးရည်ပုလင်းကို ကိုင်ထားလျက်သား တွေ့ရသည်ဟု ဆိုသည်။

အိမ်နီးချင်းများက ၎င်း၏အသက်ကို ကြိုးစားကယ်တင်ခဲ့သော်လည်း ဆေးရုံသို့ တင်ပို့ရာလမ်းတွင် သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

❍ **ရွှေ့ဖုံးမှ**

နေ့ဆိုင်း၊ ညဆိုင်း ထုတ်လုပ်မှုနှင့် ဈေးကွက်သို့ တင်ပို့မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စက်ရုံမှ ထုတ်လုပ်ထားသော မုန့်မျိုးစုံနှင့် စက်ရုံအတွင်း ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှု အားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် Great International Co., Ltd. ၏ ရေလုပ်ငန်းစက်ရုံအတွင်း ပုစွန်များ ပြည်ပဈေးကွက်သို့ တင်ပို့ရန် ထုပ်ပိုးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ မြန်မာအရှေ့ပင်လယ်ငါးဖမ်းပိုက်စက်မှုကုမ္ပဏီလီမိတက်၏ စက်ရုံအတွင်း ဘုံကျောင်းပိုက်၊ သုံးကျောက်ပိုက်၊ နှစ်ကျောက်ပိုက်၊ ပိုက်သား၊ ဝါးကြိုး၊ ကော်ဘောသီး၊ ဖော့ဘောသီးနှင့် ဖာချည်များ ထုတ်လုပ်နေမှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် Opal အထည်ချုပ်စက်ရုံ၌ ဝန်ထမ်းအင်အား ၂၀၀၀ ဖြင့် ကုန်ထုတ်လုပ်မှုအဆင့်ဆင့် ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

လှိုင်သာယာစက်မှုဇုန်ကို ၁၉၉၅ ခုနှစ်တွင် စတင်တည်ထောင်ပြီး ယခုအခါ လည်ပတ်စက်ရုံပေါင်း ၅၀၂ ရုံတို့မှ စားသောက်ကုန်၊ အထည်မျိုးစုံ၊ ဓာတုဗေဒပစ္စည်း၊ စက္ကူနှင့် စာရေးကိရိယာ၊ လူသုံးကုန်၊ စက်နှင့် စက်ပစ္စည်း၊ ဆောက်လုပ်ရေးနှင့် အိမ်ဆောက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ မော်တော်ကား၊ သစ်တောထွက်ပစ္စည်း၊ ပဲမျိုးစုံတို့ကို ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

❖ **ဈေးနှုန်းလည်းသက်သာမှ**

လူ့ဘဝတွင် အစားအသောက်အနေအထိုင်ကို သင့်တင့်မျှတစွာ နေထိုင်စားသောက်ရန် အလွန်အရေးကြီးသည်။

အဆီဓာတ်သည် လူတိုင်း၌ မရှိမဖြစ် လိုအပ်သောအရာဖြစ်သည်။ သို့ရာတွင် လိုသည်ထက် လွန်ကဲစွာ စားသုံးပါက သွေးအတွင်း ကိုလက်စထရော(Cholesterol) နှင့် Low Density Lipo Protein (LDL) လိုင်ပိုပရိုတင်းဓာတ်များ မြင့်တက်လာသဖြင့် နှလုံး၊ သွေးတိုးနှင့် ဆင့်ပွားရောဂါများ ရရှိနိုင်သည်။

လူသားများ နေ့စဉ်လှုပ်ရှားရုန်းကန်နိုင်ရန် အသက်ရှူခြင်း၊ ခန္ဓာကိုယ်အတွင်း သွေးလည်ပတ်ခြင်း၊ အစာချေဖျက်ခြင်း စသည့်ဖြစ်စဉ်များအတွက် အင်အား(Energy) လိုအပ်သည်။

ထို့ပြင် ပရိုတင်းဓာတ်(Proteins)၊ ကစီဓာတ်(Carbohydrates)၊ သတ္တုဓာတ်(Minerais) ဗီတာမင်ဓာတ်များ နေ့စဉ်လိုအပ်ပြီး လိုအပ်သောအင်အားကို ဖော်ပြပါ အဆီဓာတ်၊ ကစီဓာတ်နှင့် ပရိုတင်းဓာတ်တို့မှ ရရှိသည်။

တိရစ္ဆာန်ထွက်အစားအစာများ၊ ဆီထွက်သီးနှံများမှ အဆီဓာတ်ကို ရရှိ နိုင်သည်။ အဆီဓာတ်သည် ကစီဓာတ်နှင့် ပရိုတင်းဓာတ်များထက် ကယ်လိုရီ ပိုမိုပေးသည်။ ကစီဓာတ်နှင့် ပရိုတင်းဓာတ် တစ်ဂရမ်လျှင် လေးကယ်လိုရီ၊ အဆီဓာတ် တစ်ဂရမ်လျှင် ကိုးကယ်လိုရီ ရရှိကြောင်း လေ့လာသိရှိရသည်။

ဆန်၊ ဂျုံ၊ ပဲ၊ ပြောင်း၊ ကော်မှုန့်၊ သကြား စသည်တို့သည် ကစီဓာတ်ကြွယ်ဝသော အစားအစာများဖြစ်ကြသည်။ ကစီဓာတ် အလွန်အကျွံစားသုံးပါက ခန္ဓာကိုယ်အတွင်း၌ အဆီဓာတ်သို့ ပြောင်းလဲသွားနိုင်၍ လူမှာ ဝလာနိုင်သည်။ ဝလာလျှင် ရောဂါဝင်နိုင်သဖြင့် မျှတသော ကိုယ်လက်လှုပ်ရှားမှုနှင့် သင့်လျော်သောအစားအစာများ ချင့်ချိန်စားသုံးသွားသင့်သည်။

အာဟာရမျှတသော အစားအစာဆိုရာ၌ လူတစ်ဦးချင်းအတွက် လိုအပ်ပြီး မျှတသော အာဟာရဓာတ်များ၊ အမျိုးအမည်အားဖြင့် ပြည့်စုံ၍ ပမာဏအားဖြင့် လုံလောက်ရမည့်အပြင် နေ့စဉ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော အစာအာဟာရကို ဆိုလိုသည်။ နေ့စဉ်စားသုံးသည့် အစာအာဟာရတွင် အာဟာရဓာတ်အမျိုးမျိုးအနက် အမျိုးအမည်အားလုံး မျှတစွာပါဝင်ရန် လိုအပ်သည်။ ပမာဏအားဖြင့် လုံလောက်ရမည်ဖြစ်ရာ လူသားတို့သည် နေ့စဉ် ဆီကိုလည်း စားသုံးရန်လိုအပ်သည်။

သို့ရာတွင် လူတို့အနေဖြင့် အဆီဓာတ်သည် မရှိမဖြစ် လိုအပ်သော်လည်း ဆီကို ရွေးချယ်စားသုံးတတ်ရန် လိုအပ်ပါသဖြင့် ကိုလက်စထရောစုစည်းမှု နည်းပါးပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ဆီကို ရွေးချယ်စားသုံးရန် လိုအပ်သည်။ ဈေးနှုန်းလည်းသက်သာ ဝယ်ယူရလွယ်ကူသော ပြောင်းဖူးမှ ထုတ်လုပ်သည့် အဆီနှင့်ကော်မှုန့်ကို တင်ပြလိုသည်။

ပြောင်းဖူးစေ့ဆီတွင် လီနိုလစ်အက်ဆစ် (Linoleic Acid) အများဆုံးပါဝင်ပြီး ပြည့်ဝအဆီ အက်ဆစ် အနည်းဆုံးပါဝင်သဖြင့် ပြောင်းဖူးစေ့ဆီအား စားသုံးရန် အထူးသင့်လျော်၍ ကျန်းမာရေးနှင့်လည်း ညီညွတ်သည်။

ရန်ပယ်ပြောင်းဖူးဆီနှင့် ပြောင်းဖူးကော်မှုန့်တို့ကို အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ ထုတ်လုပ်ပြီး အမြို့မြို့ အနယ်နယ်၌ ဖွင့်လှစ်ထားသော ဝင်းသူဇာ အရောင်းဆိုင်များမှတစ်ဆင့် ပြည်သူများသို့ ဖြန့်ဖြူးရောင်းချပေးနေကြောင်း သိရှိရသည်။

ပြောင်းဖူးဆီသည် အနံ့အရသာနှင့်ပြည့်စုံသော အဆင့်မြင့်မားသည့် စားသုံးဆီဖြစ်ခြင်း၊ ကျန်းမာရေးကိုအကျိုးပြုသော မပြည့်ဝဆီများ အဓိကပါဝင်ခြင်း၊ ပြောင်းဖူးဆီတွင် မပြည့်ဝဆီဓာတ်များ (Unsaturated Fatty Acid) ဖြစ်သော Oleic, Linoleic နှင့် Linoleic Fatty Acid များ အဓိကပါဝင်ရာ Linoleic သည် လူကိုအကျိုးပြုအဆီဓာတ် (Essential Fatty Acid) များ ဖြစ်ခြင်း၊ ကြာရှည်အထားခံခြင်း၊ စားသောက်ကုန် စက်မှုလုပ်ငန်းများတွင် အသုံးများသော အဆီဖြစ်ခြင်း၊ ပြောင်းဖူးဆီဖြင့် ကြော်လှော်ထားသော စားသောက်ကုန်ပစ္စည်းများသည် တာရှည်ခံခြင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် စားသုံးဆီအဖြစ် အဓိကသုံးစွဲနေခြင်း၊ဇရာဟန့်တားနိုင်သည့်(Anti-Ageing) Vitamin E (Alphatocopherol) ကြွယ်ဝခြင်း၊ Cholesterol မပါဝင်သည်သာမက သွေးထဲမှ Cholesterol လျှော့ချနိုင်သော (Gammatocotrienol) အစားအစာများတွင် ပြောင်းဖူးဆီကို တစ်နေ့ထက်တစ်နေ့ ပိုမိုအသုံးပြုလျက်ရှိခြင်း၊ ကျန်းမာရေးကောင်းရန် ဆီကို လျှော့စားသင့်သော်လည်း ဆီမပါလျှင် အရသာမရှိပါ။ သို့ဖြစ်၍ မပြည့်ဝဆီဓာတ်ကြွယ်ဝသော Vitamin E ကြွယ်ဝသော၊ Gammatocotrienol ပါဝင်သော ပြောင်းဖူးဆီအား စားသုံးသင့်ကြောင်း တင်ပြလိုက်ရပါသည်။ ။

နိုင်ငံခြားဇာတ်ကားသစ်များ ရုံတင်ပြသ အချစ်ကလန်းတယ် မကြာမီ ပြသမည်

ကြေးမုံ ရုပ်ရှင်

ရန်ကုန် စက်တင်ဘာ ၁၁

ယခုသောကြာပတ် စက်တင်ဘာ ၁၂ ရက်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာဇာတ်ကားသစ်များ ရုံတင်ပြသနိုင်ခြင်းမရှိဘဲ နိုင်ငံခြား ရုပ်ရှင်ဇာတ်ကားသစ်များ တင်ဆက်ပြသမည်ဖြစ်သည်။

သမ္မတရုံတွင် ပရိသတ်အကြိုက် လင်းနို့လူသား ဇာတ်လမ်းတွဲများမှ တစ်ခုဖြစ်သော THE DARK KNIGHT ဇာတ်ကား ပြသမည်ဖြစ်သည်။ယခုဇာတ်ကားတွင် မကောင်းမှုဖြင့် အသက်မွေးသူများကို နှိမ်နင်းပြီး ဒုက္ခရောက်သူများကို အစဉ်ကယ်တင်ခဲ့သော လင်းနို့လူသားအား မာဖီးယားဂိုဏ်းမှ လုပ်ကြံရန်အတွက် အထင်အမြင်လွဲမှားစေမည့် လင်းနို့လူသားအတုများ ဖန်တီးကာ လင်းနို့လူသားအစစ်အား လူဆိုးဂိုဏ်းများ စုပေါင်း၍ လုပ်ကြံကြပုံကို ကွန်ပျူတာအထူးပြု ဖန်တီးချက်များနှင့်အတူ စိတ်ဝင်စားဖွယ် ရိုက်ကူးပြသထားရာ လင်းနို့လူသား ဇာတ်လမ်းတွဲကြိုက်နှစ်သက်သူ ရုပ်ရှင်ကြည့်ပရိသတ် အကြိုက်တွေ့စေမည့် စွန့်စားမှုအသားပေး ဇာတ်ကားကောင်းတစ်ကား ဖြစ်သည်။

သွင်ရုံတွင် ပြသမည့် VANTAGE POINT ဇာတ်ကားမှာမူ စပိန်နိုင်ငံတွင် ကျင်းပနေသော ကမ္ဘာ့အကြမ်းဖက်တိုက်ဖျက်ရေး အစည်းအဝေး တက်ရောက်နေသည့် သမ္မတတစ်ဦး လုပ်ကြံခံခဲ့ရခြင်းကို ၎င်းအား တာဝန်ယူစောင့်ရှောက်ခဲ့သော စုံထောက်နှစ်ဦးက စုံစမ်းထောက်လှမ်းပုံနှင့် ထိုသို့စုံစမ်းထောက်လှမ်းရာတွင် လူတစ်ဦး အမှတ်မထင်မှတ်တမ်းတင်ခဲ့သော ဗွီဒီယိုတိပ်ခွေမှတစ်ဆင့် အသေးစိတ် စုံစမ်းသဲလွန်စရှာဖွေကာ လုပ်ကြံသူ အကြမ်းဖက်သမားများအား ဖမ်းဆီးပုံများကို စိတ်ဝင်စားဖွယ် ရိုက်ကူးထားသည့် လျှို့ဝှက်စုံထောက်ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပေရာ စုံထောက်ဇာတ်ကား နှစ်သက်သူ ပရိသတ်အကြိုက်တွေ့စေမည် ဖြစ်သည်။

မင်္ဂလာရုံတွင် စွန့်စားမှုအသားပေး ဇာတ်ကားကြိုက် နှစ်သက်သူများအတွက် အမျိုးသမီးအက်ရှင် သရုပ်ဆောင်များ အပြိုင်အဆိုင် ပါဝင်ထားသည့် RESIDENT EVIL 3 စွန့်စားမှုအသားပေးဇာတ်ကြမ်းကား ပြသမည်ဖြစ်သည်။

ရွှေ့ဆောင်နှင့် နေပြည်တော်ရုံများတွင် နာမည်ကြီး ကွန်ဖူးမင်းသား ဂျက်လီ ပါဝင်သည့် THE MUMMY TOM OF THE DRAGON EMPEROR ဇာတ်ကား ပြသမည်ဖြစ်သည်။

ရွှေခေတ် တရုတ်နဂါးဧကရာဇ်မင်းဟန်က ထာဝရနုပျိုရှင်သန်မှုကို ရလို၍ မှော်ဆရာမ စီယွင်ထံမှ ဧကရာဇ်မင်း၏ ညာလက်ရုံး ဗိုလ်ချုပ်ကြီးမင်းမှတစ်ဆင့် တောင်းခံရင်း မှော်ဆရာမနှင့် ဗိုလ်ချုပ်ကြီးတို့ ချစ်ကြိုက်သွားကြသည်။ ထိုအကြောင်းကို ဧကရာဇ်မင်း သိသွားပြီး မှော်ဆရာမကို ၎င်းနှင့်လက်ထပ်ရန် အရေးဆိုရာမှ မှော်ဆရာမက ငြင်းဆန်မှုကြောင့် ၎င်း၏စစ်သူကြီးကို ကွပ်မျက်ပြီး မှော်ဆရာမကို ၎င်းကိုယ်တိုင်ဓားဖြင့်ထိုးသော်လည်း မသေဘဲ ဧကရာဇ်၏စစ်တပ်များကို ရွှံ့ရုပ်များဖြစ်အောင် ကျိန်စာတိုက်ထွက်ပြေးသည့်အကြောင်းကို ဂမ္ဘီရဆန်ဆန် လျှို့ဝှက်ဆန်းကြယ်စွာဖြင့် ရှေးခေတ်နှင့် ယခုခေတ် ပေါင်းစပ်ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

ဘုရင့်ရုံတွင် SPY MATE ဇာတ်ကား ပြသမည်ဖြစ်သည်။ တိရစ္ဆာန်များ၏သဘာဝကို ရှုစားလိုကြသော ပရိသတ်များအတွက် မျောက်လိမ္မာတစ်ကောင်၏ ဇာတ်လမ်းကို ရိုက်ကူးထားသည့် ယခုဇာတ်ကားကို မလွတ်တမ်း ကြည့်ရှုသင့်ကြသည်။

<u>**အိန္ဒိယရုပ်ရှင်**</u>

ဆုထူးပန်ရုံတွင် နာမည်ကြီး အိန္ဒိယ ရုပ်ရှင်သရုပ်ဆောင်များဖြစ်သည့် ရှာရွတ်ခန်နှင့် အိုင်ရှာဝါရိုင်းတို့ပါဝင်သည့် JOSH ဇာတ်ကား၊ မြို့မရုံတွင် မြွေမင်းသားနှင့် မြွေမင်းသမီးတို့၏ လက်စားချေ တုံ့ပြန်တတ်ပုံကို ရိုက်ကူးထားသည့် JAANI DUSHMAN ဇာတ်ကားများ ပြသမည်ဖြစ်သည်။

အချစ်ကလန်းတယ် မြန်မာဇာတ်ကားသစ်ကို လူစွမ်းကောင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ခင်ဦးခင်ခင်၏ ဝတ္ထုကို လွင်မင်းအံ့ ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးသော အချစ်ကလန်းတယ် မြန်မာရုပ်ရှင်ကားသစ်မှာ စက်တင်ဘာ ၁၉ ရက်တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများ၌ ပြသတော့မည်ဖြစ်သည်။

၎င်းဇာတ်ကားတွင် မင်းမော်ကွန်း၊ ခန့်စည်သူ၊ ထွန်းထွန်း၊ မိုးအောင်ရင်၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊မယ်လိုဒီ၊ စိုးပြည့်သဇင်၊ မေတ္တာ၊ ပေါ်လေးနှင့် ဦးဝင်းနိုင်(အနုပညာ) တို့ ပါဝင်ကြသည်။ (ကြေးမုံ)

မကြာမီ ရုံတင်တော့မည့် အချစ်က လန်းတယ် မြန်မာဇာတ်ကားသစ်မှ ဇာတ်ဝင်ခန်း တစ်ခန်းကို ရှုစားရစဉ်။

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်

ရန်ကုန် စက်တင်ဘာ ၁၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(တပ်ကုန်း)တွင် ၂ဒသမ ၆၈ လက်မ၊ ထားဝယ်မြို့တွင် ၂ဒသမ ၅၆လက်မ၊ ကျောက်ဖြူမြို့တွင် ၂ဒသမ ၃၆လက်မ၊ မိုးကုတ်မြို့တွင် ၁ဒသမ၈၁လက်မ၊ ကော့သောင်းမြို့တွင် ၁ဒသမ ၆၆လက်မ၊ ကျိုက္ခမီမြို့တွင် ၁ဒသမ ၃၅လက်မနှင့် ပူတာအိုမြို့တွင် ဝဒသမ ၉ဝလက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

စက်တင်ဘာလ ၁၂ရက် ညနေထိ ခန့်မှန်းချက်။ ။ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင်နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်ပါသည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၃ ဒသမ၄ ဒီဂရီစင်တီဂရိတ် (၉၂ ဒီဂရီဖာရင်ဟိုက်) ၁၀-၉-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၂ ဒသမ ၇ ဒီဂရီစင်တီဂရိတ် (၇၃ဒီဂရီဖာရင်ဟိုက်)	၁၁-၉-၂၀၀၈
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၅ ရာခိုင်နှုန်း	၁၁-၉-၂၀၀၈
နေပူသည့်နာရီပေါင်း ၈ဒသမ၂နာရီခန့်	၁၀-၉-၂၀၀၈

လေဘေးသင့်ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတွင် ပါဝင်ကူညီခဲ့ကြသော အသင်းဝင်များအား ဂုဏ်ပြုပွဲ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးတက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၁

ရခိုင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ၌ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် သွားရောက်ပါဝင်ကူညီခဲ့ကြသော အသင်းဝင်များအား ဂုဏ်ပြုပွဲကို ဩဂုတ် ၂၇ ရက် ညနေပိုင်းတွင် တောင်ကုတ်မြို့ မြို့နယ် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနာယက၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သွားရောက် ပါဝင်ကူညီခဲ့ကြသည့် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအတွက် ဂုဏ်ပြုလက်ဆောင်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဂွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ သံတွဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် တောင်ကုတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းတို့မှ တာဝန်ရှိသူများထံ ပေးအပ်သည်။ **(ယာပုံ)**

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသော အသင်းဝင်များနှင့် ဧည့်ပရိသတ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့သည် ညနေပိုင်းတွင် တောင်ကုတ်တပ်နယ် တပ်နယ်ခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်း လေဘေး

သင့် ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင် ကူညီခဲ့ကြသော အသင်းဝင်များအား ဂုဏ်ပြုတည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက် အားပေးခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

ကွမ်းခြံကုန်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

ကွမ်းခြံကုန်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ကွမ်းခြံကုန်းမြို့ ပြန်လည်ထူထောင်ရေး ဗဟိုကွပ်ကဲရေးစခန်း၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်ပြီး လယ်ယာစိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဆန်ဖြန့်ဖြူးမှု၊ တည်ဆောက်ရေးလုပ်ငန်းများ၊ ငွေကြေးသုံးစွဲရေးတို့နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှာကြားသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အေးရှားဝေါလ်ကုမ္ပဏီမှ တာဝန်ယူ တည်ဆောက် ပေးလျက်ရှိသော ကွမ်းခြံကုန်းမြို့ ထန်းတောရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း ပြန်လည် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

ထို့နောက် ဝန်ကြီးသည် အေးရှားဝေါလ်ကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်ပေးလျက်ရှိသော ထန်းတောရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း ပြန်လည်တည်ဆောက်နေမှုနှင့် မြန်မာအင်ဂျင်နီယာအသင်းက တာဝန်ယူတည်ဆောက်သည့်ညောင်ငူကျေးရွာ ဒေးမြန်မာအခြေခံပညာ မူလတန်းကျောင်း ပြန်လည်တည်ဆောက်ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကွမ်းခြံကုန်းမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသော စာသင်ကျောင်းများကို သပ်ရပ်ခိုင်ခံ့ရေး၊ ကျောင်းသား၊ ကျောင်းသူများ သက်သောင့်သက်သာနှင့် စိတ်ချမ်းမြေ့စွာ စာသင်ကြားနိုင်ရေး၊ အချိန်မီပြီးစီးရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၁

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဌာနဆိုင်ရာများ၊အသင်းအဖွဲ့များ၊စေတနာရှင်ပြည်သူများနှင့် တပ်မတော်သား မိသားစုများက အမျိုးသားရေး စိတ်ဓာတ်အရင်းခံဖြင့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ကရင်ပြည်နယ်မှ စေတနာရှင်ပြည်သူများက အလှူငွေ ကျပ် ၆၃၆၅၁၀၀၊ မွန်ပြည်နယ်မှ စေတနာရှင် ပြည်သူများက အလှူငွေ ၂၃၃၇၂၉၈ ကျပ်၊ စစ်ကိုင်းတိုင်းမှ စေတနာရှင် ပြည်သူများနှင့် တပ်မတော်သား မိသားစုများက အလှူငွေ ၈၇၆၅၈၁၂ ကျပ်တို့ကို အသီးသီး ပေးအပ်လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့်ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက်လှူဒါန်း ငွေ ၆၆၈၃၄၄၉၆၃ ကျပ် အပါအဝင် စေတနာရှင်ပြည်သူများ၏ စက်တင်ဘာ ၁၀ ရက်အထိ လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးမှာ ငွေ ၁၅၈၉၅၂၉၅၉၈ကျပ် ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၇၈)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၁

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပင်မရေနံသိုလှောင် ဖြန့်ဖြူးရေးဌာနကြီး(၈)အဆင့် ချောက်မြို့မှမန်နေဂျာ ဦးသန်းဝင်း**(အပေါ်ပုံ)**သည် နေပြည်တော်ခုတင် (၃၀၀)ဆံ့ ဆေးရုံကြီး အမျိုးသား သွေးဌာနခွဲတွင် သွေးလှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဆိုင်ရာ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

FUJI Japanese Language Centre နှင့် SHIZUOKA International School ၏ ပညာရေးဆိုင်ရာ ရှင်းလင်းပွဲကို စက်တင်ဘာ ၈ရက် နံနက် ၉ နာရီတွင် အမှတ် ၁၇၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ပုဇွန်တောင်မြို့နယ်ရှိ FUJI Centre ၌ ကျင်းပသည်။

ရှေးဦးစွာ ဂျပန်နိုင်ငံ SHIZUOKA မြို့ SHIZUOKA International School ၏ ကျောင်းအုပ်ကြီး Mr.Kawa Shima Han Shi က SHIZUOKA International School နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး **(အောက်ပုံ)** ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၏ သိလိုသည်များကို ဖြေကြားကာ ရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

FUJI Japanese Language Centre သည် SHIZUOKA International School မှ မြန်မာနိုင်ငံ၏ ကျောင်းခွဲတစ်ခုဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများကို စေလွှတ်တက်ရောက်စေလျက်ရှိရာ ယခုအကြိမ်သည် (၉)ကြိမ်မြောက်ဖြစ်ကာ ယခုအချိန်အထိ ရာနှုန်းပြည့်စေလွှတ်တက်ရောက်နိုင်ခဲ့သည်။ FUJI Japanese Language Centre သည် ဂျပန်ဘာသာ အခြေခံအရေးအဖတ်၊ အပြောသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပြီး ဒီဇင်ဘာတွင်ကျင်းပမည့် ဂျပန်သံရုံး စာမေးပွဲ Level (4,3,2,1) practise တန်းခွဲများကိုလည်း ဖွင့်လှစ်နေပြီဖြစ်သည်။

Basic တန်းခွဲကို ပညာဒါန အနေဖြင့် သင်ကြားပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက FUJI Japanese Language Centre အမှတ် ၁၇၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ပုဇွန်တောင်မြို့နယ် ဖုန်း-၂၉၀၉၂၅၊ ၀၉၈၅၅၁၄၉၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၉-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၁၅ ၄။ မဟာဂီတချိုကြည်မြ
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၅ ၇။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၀၀ ၈။ မြန်မာစာမြန်မာစကား
- ၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံမဏိစိတ်ဓာတ် (အပိုင်း-၄)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ **လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -မော်ကွန်းတည်သည့် မြတ်လယ်တီ (၁)**
- ၂၀။ စိုက်ပျိုးသုတ
- ၂၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -နှင်းတောင်သူရဲကောင်း (အပိုင်း -၂၈)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ပန်းတိုင်သို့ ချီရာဝယ်

စည်သူအောင်

လူတိုင်းကိုယ်စီမှာ ကိုယ့်ခံယူချက်၊ တန်ဖိုးထားမှုနဲ့ ရည်မှန်းချက် ပန်းတိုင်အသီးသီးရှိကြသလို အဲဒီ ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းကြဖို့လည်း လမ်းစဉ်မူဝါဒ အသီးသီး ရှိတတ်ကြပါတယ်။ ကျောင်းသားတစ်ယောက်အတွက် ပညာကိုတန်ဖိုးထားတဲ့ ခံယူချက်နဲ့ စာမေးပွဲအောင်ဖို့၊ ပညာတတ်ဖြစ်ဖို့ ရည်မှန်းချက်ပန်းတိုင်ကို ကျောင်းမှန်မှန်တက်၊ စာမှန်မှန်ကျက်တဲ့ နည်းလမ်းနဲ့ ချီတက်ရပါတယ်။ တရားအားထုတ်တဲ့ ယောဂီတစ်ဦးအတွက်လည်း သံသရာဘဝ ဇာတ်ဆုံးရာ နိဗ္ဗာန်ကို တန်ဖိုးထားပြီး တစ်မဂ်တစ်ဖိုလ်ရအောင် ရည်မှန်းချက်ပန်းတိုင်ကို ဝိပဿနာနည်း တစ်နည်းနည်းနဲ့ကျင့်ကြံအားထုတ် ချီတက်ရတာပါပဲ။ ဘဝမှာ ပျော်သလိုနေဖို့၊ လောကီသုခခံစားဖို့ အဓိကဆိုတဲ့ သူတွေကျတော့လည်း လောကီချမ်းသာစည်းစိမ်သုခတွေ ပြည့်စုံဖို့အတွက် ရည်မှန်းချက်ထားပြီး ဒီချမ်းသာသုခတွေ ပြည့်စုံဖို့ အဓိကလိုအပ်ချက်ဖြစ်တဲ့ငွေကို နည်းလမ်းအမျိုးမျိုးနဲ့ ရှာကြတာပါပဲ။

တိုင်းပြည်တွေ၊ လူ့အဖွဲ့အစည်းတွေမှာလည်း ဒီလိုပဲ ရည်မှန်းချက်တွေ အသီးသီးရှိကြတာပါပဲ။ တိုင်းပြည်နိုင်ငံတွေအတွက် ယေဘုယျ ရည်မှန်းချက် ပန်းတိုင်ကတော့ မတည်ငြိမ်သေးတဲ့ နိုင်ငံတွေဆိုရင် တည်ငြိမ်ဖို့၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေဆိုရင် ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်ဖို့၊ ဖွံ့ဖြိုးပြီးနိုင်ငံဆိုရင်လည်း ရှိနေတဲ့ အနေအထားကနေ လျော့ကျမသွားဘဲ ပိုပြီးမြင့်မားလာဖို့ ဆိုတာတွေပဲ ဖြစ်လေ့ရှိပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံရဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံဖြစ်ဖို့ပါ။ ဒီရည်မှန်းချက်ပန်းတိုင်ကို လက်မခံနိုင်ဘူး၊ မလိုချင်ဘူးဆိုတဲ့ မြန်မာနိုင်ငံသားတစ်ဦးတစ်ယောက်မှ ရှိလိမ့်မယ်မထင်ပါဘူး။

အေးချမ်းသာယာဖို့ဆိုတာက တည်ငြိမ်မှုရှိဖို့လိုပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ ဆိုတာကတော့ စီးပွားရေးကောင်းမွန်ဖို့ လိုပါတယ်။ တည်ငြိမ်မှုနဲ့ စီးပွားရေးကောင်းမွန်မှုဆိုတာကလည်း အပြန်အလှန် အကြောင်းပြုမှီခိုနေကြတာပါ။ တည်ငြိမ်မှုမရှိရင် စီးပွားရေးလုပ်ငန်းတွေ လုပ်ဆောင်လို့မရသလို စီးပွားရေးမကောင်းတဲ့ နိုင်ငံတွေမှာလည်း တည်ငြိမ်မှု မရှိနိုင်ပါဘူး။

ဖွံ့ဖြိုးမှုနည်းတဲ့ နိုင်ငံတွေမှာ ပြည်တွင်းသောင်းကျန်းမှုတွေ၊ အကြမ်းဖက်မှုတွေ များလေ့ရှိကြပါတယ်။ ပြည်တွင်းသောင်းကျန်းမှုဒဏ်ကြောင့် စီးပွားရေးအခြေခံတွေ၊ ကုန်ထုတ်အရင်းအနှီးတွေ၊ ကုန်ထုတ်စွမ်းအားလုပ်အားတွေ ထိခိုက်ဆုံးရှုံးနစ်နာရတဲ့အခါ စီးပွားရေးလည်း ချွတ်ခြုံကျရပြန်ပါတယ်။ စီးပွားရေးကျပ်တည်းတဲ့အခါ မကျေနပ်မှုတွေနဲ့ ဒေါသဖြစ်လာတတ်ကြတာ သဘာဝပါပဲ။ ဆင်းရဲလို့ အသိပညာမရှိတော့ ဆူပူသောင်းကျန်းမှုတွေထဲမှာ မသိလို့ပဲဖြစ်ဖြစ်၊ နီးရာဓားကြောက်ရလို့ပဲဖြစ်ဖြစ် ပါသွားတတ်တာလည်း ရှိကြပါတယ်။ ဒီလိုနဲ့ပဲဆင်းရဲလို့ မတည်ငြိမ်မဖွံ့ဖြိုး၊ မဖွံ့ဖြိုးလို့ ဆင်းရဲဆိုတဲ့ အဆိုးသံသရာလည်နေကြတာ အာဖရိကတိုက်မှာ ရှိနေတဲ့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေရဲ့ သာဓကတွေနဲ့ ထင်ရှားသိနိုင်ကြပါတယ်။

မြန်မာနိုင်ငံမှာလည်း လွတ်လပ်ရေးနဲ့အတူ ဒွန်တွဲပါလာတဲ့ ပြည်တွင်းသောင်းကျန်းမှုဆိုးမွေကြောင့် ဒီအဆိုးသံသရာထဲက တော်တော်နဲ့ မလွတ်နိုင်ခဲ့တာ အားလုံးသိပြီး ကိုယ်တိုင်လည်း လက်တွေ့ခံစားခဲ့ကြပြီးဖြစ်ပါတယ်။ ဒါကြောင့်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံသားအားလုံးက လိုလားနေကြတာ ဖြစ်ပါတယ်။ ဒီဘက်ခေတ်မှာ နိုင်ငံတကာနဲ့ ဆက်သွယ်မှုတွေ၊ ကူးသန်းသွားလာ လုပ်ကိုင်မှုတွေ ကျယ်ကျယ်ပြန့်ပြန့် တိုးပွားလာတော့ တည်ငြိမ်မှုပျက်ပြားပြီး ဆောက်တည်ရာမရအောင် ဒုက္ခရောက်နေကြတဲ့ တိုင်းပြည်ပျက်၊ နိုင်ငံပျက် (Failed State)တွေကိုလည်း ကမ္ဘာ့ရုပ်မြင်သံကြားမှာ အချိန်နဲ့အမျှ မျက်ဝါးထင်ထင် တွေ့မြင်နေကြရသလို အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေနဲ့ ကမ္ဘာ့နိုင်ငံတွေကို အလုပ်နဲ့ပဲဖြစ်ဖြစ်၊ အလည်အပတ်ပဲဖြစ်ဖြစ် ရောက်ကြတဲ့အခါ နိုင်ငံတွေရဲ့ တိုးတက်ဖွံ့ဖြိုးမှုတွေကိုလည်း ကိုယ်တိုင်ကိုယ်ကျ တွေ့ခဲ့ကြတာမို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ အမှန်တကယ်လိုအပ်တယ်ဆိုတာ ရင်ထဲ နှလုံးထဲက လှိုက်လှိုက်လှဲလှဲ၊ နှစ်နှစ်ကာကာ လက်ခံကြပြီးသား ဖြစ်ပါတယ်။

အဲလို မတည်ငြိမ်မှုနဲ့ဆင်းရဲမှုဆိုတဲ့ အဆိုးသံသရာက လွတ်ပြီး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံသစ်တည်ဆောက်ဖို့ဆိုတဲ့ ရည်မှန်းချက်ပန်းတိုင်ကို ချီတက်ကြတဲ့အခါမှာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ လမ်းကြောင်းကနေ ချီတက်ကြဖို့လည်း ရွေးချယ်ထားပြီး ဖြစ်ပါတယ်။

ဒီနေရာမှာတော့ နည်းနည်းပါးပါးပြောစရာလေးရှိနိုင်ပါလိမ့်မယ်။ တချို့က ဒီမိုကရေစီဆိုတာနဲ့ စည်းကမ်းပြည့်ဝမှုဆိုတာပါပြီးသားမို့ ဒါကို ထည့်ပြောစရာမလိုပါဘူးလို့ စောဒကတက်ကြပါတယ်။ ဒါပေမယ့် ဒီမိုကရေစီဆိုတဲ့ စကားလုံးရဲ့ ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုချက်ကိုပဲ ကြည့်ကြည့်၊ စည်းကမ်းရှိမှုတို့၊ ထိန်းချုပ်မှုတို့ ဆိုတာတွေထက် လွတ်လပ်ခွင့်ဆိုတာကိုပဲ ဇောင်းပေးပြီး ပြောလေ့ရှိပါတယ်။ ဒီမိုကရေစီနိုင်ငံဆိုရင် နိုင်ငံသားတစ်ဦးချင်းရဲ့ လွတ်လပ်ခွင့်၊ အထူးသဖြင့် နိုင်ငံရေးအရ လွတ်လပ်စွာတွေးခေါ်ကြံဆခွင့်၊ ပြောဆိုခွင့် စတာတွေကို ကာကွယ်စောင့်ရှောက်မှုပေးရမယ်ဆိုတာမျိုးတွေ ဖြစ်ပါတယ်။ စည်းကမ်းရှိမှုတို့၊ ထိန်းချုပ်မှုတို့ ဆိုတာကတော့ လူ့အဖွဲ့အစည်းမှာ ဟန်ချက်ညီမျှအောင် ထိန်းပေးဖို့ပါရတာပါ။ တစ်ဦးချင်းလွတ်လပ်ခွင့်ဆိုတာ တစ်ဦးတည်းရှိနေတဲ့အခါမှသာ ကြိုက်သလိုသုံးလို့ရပေမယ့် အဖွဲ့အစည်းထဲမှာ အဖွဲ့ဝင်တစ်ဦးအဖြစ် နေထိုင်ရရင်တော့ ချုပ်တည်းရမှုတွေ၊ ထိန်းသိမ်းရမှုတွေ၊ လိုအပ်လာတာပဲဖြစ်ပါတယ်။ လူတစ်ယောက်ဟာ လွတ်လပ်စွာ မွေးဖွားလာခဲ့တယ် (Man is born free) ဆိုပေမယ့် နိုင်ငံသားတစ်ယောက်အနေနဲ့ဆိုရင်တော့ သူရဲ့ လွတ်လပ်ခွင့်တွေဟာ အကန့်အသတ်ရှိလာပါတယ်။ တခြား လူမှုဓလေ့ထုံးတမ်း၊ ကျင့်ဝတ်နီတိ၊ ဘာသာရေး ပညတ်ချက် စသည်ဖြင့် လူ့အဖွဲ့အစည်းထဲက ကန့်သတ်ထိန်းချုပ်မှုတွေလည်း ရှိလာပါတယ်။

ဒီနေရာမှာ စည်းကမ်းပြည့်ဝတယ် ဆိုတာက စည်းကမ်းရှိမှုနဲ့ တာဝန်သိမှုကို တွဲစပ်ထားတာလို့ မြင်ပါတယ်။ တာဝန်သိတတ်ရင် အသိစိတ်နဲ့ စည်းကမ်းအလိုလိုရှိလာတာပါပဲ။ အဲဒီအခါကျရင် ကိုယ့်ရဲ့ လွတ်လပ်ခွင့်ကို သူတစ်ပါး အကျိုးစီးပွား မထိခိုက်အောင် ဘယ်အကန့် အသတ်အထိ ရယူကျင့်သုံးနိုင်တယ်ဆိုတာ မိမိဘာသာ ဆုံးဖြတ်ပြီး ချုပ်တီးထိန်းသိမ်းနိုင်ပါလိမ့်မယ်။ အဲလိုမသိတတ်ရင်တော့ မသိတတ်တဲ့သူတွေကို ဘောင်မကျော်အောင် အတင်းအကျပ် စည်းကမ်းပေး ထိန်းချုပ်ဖို့ လိုအပ်လာမှာပဲ ဖြစ်ပါတယ်။

တကယ်တော့ ဒီမိုကရေစီဆိုတာနဲ့ လွတ်လပ်ခွင့်တွေတွဲပြီး ပါလာပေမယ့် တာဝန်သိမှုနဲ့ စည်းကမ်းရှိမှုတွေကတော့ လိုအပ်ချက်သာ ဖြစ်ပါတယ်။ အမြဲတွဲပါလာမယ်လို့ မဆိုနိုင်ပါဘူး။ တာဝန်သိမှုနဲ့ စည်းကမ်းရှိမှုဆိုတာ လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့ ဘက်စုံထောင့်စုံက ပြုစုပျိုးထောင်ပေးမှ ရလာနိုင်တဲ့ အမျိုးသားရေးစရိုက်တွေပါ။ ဒီမိုကရေစီလွတ်လပ်ခွင့်နဲ့ စည်းကမ်းရှိမှုတို့နဲ့ ပတ်သက်ပြီး ကိုယ်တွေ့သာဓကလေးနဲ့ နှိုင်းယှဉ်ပြချင်ပါတယ်။ ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံကြီးတစ်ခုနဲ့ ကမ္ဘာ့အကြီးဆုံး တစ်ပါတီနိုင်ငံကြီးတစ်ခုရဲ့ မြို့တော်ကြီးတွေမှာ တွေ့ခဲ့ မြင်ခဲ့ရတာလေးတွေ ဖြစ်ပါတယ်။ ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံကြီးရဲ့ မြို့တော်မှာတော့ ဒီမိုကရေစီပီပီ လွတ်လပ်ပါတယ်။ လူတွေဟာ လွတ်လပ်စွာ ကွမ်းတံတွေး ထွေးကြပါတယ်။ နေရာတိုင်းမှာ ကွမ်းတံတွေးကွက်တွေ ရှိပါတယ်။ ကားတွေကလည်း လွတ်လပ်စွာ ကားချင်းပွတ်ဆွဲကြ၊ ချိတ်ကြပါတယ်။ ကားတော်တော်များများကိုကြည့်ရင် နောက်ကြည့်မှန်ကွဲနေတာ၊ ဘော်ဒီပိန်ချိုင့်ဆေးကွာနေတာ မမြင်ချင်အဆုံးပါပဲ။

လမ်းနံဘေးမှာလည်း လွတ်လပ်စွာ (အမျိုးသားတွေ) ရှူးရှူးပန်းကြပါတယ်။ လမ်းကိုကျောပေးပြီး အေးဆေးစွာ ဝိတ်လျှော့နေကြတဲ့ ပုဂ္ဂိုလ်တွေဟာလည်း နေရာတိုင်းမှာ တွေ့နိုင်ပါတယ်။ လမ်းတွေလျှောက်သွားရင် "အော်ဂလီကလုံး" ရေမွှေးနံ့က သင်းတပျံ့ပျံ့နဲ့ပါပဲ။ လူတွေမှ လွတ်လပ်စွာ ခံစားရတာ မဟုတ်ပါဘူး။ နွားတွေ၊ မျောက်တွေလည်း မြို့ထဲမှာ လွတ်လပ်စွာ လှည့်လည်ခွင့်၊ စုရုံးခွင့်၊ အစာရှာခွင့် ရကြပါတယ်။ ကမ္ဘာ့အကြီးဆုံး တစ်ပါတီနိုင်ငံကြီးရဲ့ မြို့တော်မှာတော့ အဲလိုလမ်းဘေးမှာ "ဝိတ်လျှော့"ခွင့် မရကြပါဘူး။ ဒါပေမယ့် လူစည်ကားရာ ဈေးကွက်လပ်တွေဘေးမှာ "ပြည်သူ့ရေအိမ်"တွေ ထားပေးပါတယ်။ မည်သူမဆို အခမဲ့ သုံးနိုင်ပါတယ်။ အခမဲ့ရေအိမ်ဆိုပေမယ့် ဟိုတယ်ကရေအိမ်တွေလိုပဲ သန့်ရှင်းပြီး အဆင့်မြင့်ပါတယ်။ လမ်းဘေးမှာ ကွမ်းတံတွေးကွက်တွေ မရှိပါဘူး။ နှင်းဆီပန်းလှလှတွေ ဝေနေအောင် ပွင့်တဲ့ပန်းခင်းတွေ အလှစိုက်ထားပါတယ်။ အဲဒီပန်းတွေကိုလည်း ဘယ်သူမှ လက်ဆော့ပြီး ခူးဆွတ်သွားတာ မရှိပါဘူး။ စက်ဘီးတွေဆိုလည်း လမ်းနံဘေးမှာ ဒီအတိုင်း သော့မခတ်ဘဲ ထားခဲ့ကြတာ တွေ့ရပါတယ်။ ဘယ်သူမှ "မ"သွားတာမျိုး မရှိပါဘူး။ ဒါဟာ ဘယ်သူ့ကိုမှ သာစေ၊ နာစေလိုတဲ့ စိတ်ဆန္ဒနဲ့ ပြောတာမဟုတ်ပါဘူး။ အမှန်တကယ် မြင်ဖူး တွေ့ဖူးတဲ့အတိုင်း ဖော်ပြခြင်းသာ ဖြစ်ပါတယ်။ အဓိကဆိုလိုရင်းကတော့ ဒီမိုကရေစီနဲ့ စည်းကမ်းပြည့်ဝမှုတို့ဟာ အတူတကွတွဲပြီး ဖြစ်လာကြတာမဟုတ်ဘူးဆိုတာ ပြောချင်တာ ဖြစ်ပါတယ်။

ဒါကြောင့် စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဆိုတာ လိုအပ်လို့ ထည့်ထားတဲ့ ဝိသေသနပုဒ်တစ်ခု ဖြစ်ပါတယ်။ ဒီကနေ့ ကမ္ဘာ့နိုင်ငံတွေကို ပြန်ကြည့်မယ်ဆိုရင် ဒီမိုကရေစီဆိုတိုင်း တည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်နေကြတာ မဟုတ်ပါဘူး။ ဒီမိုကရေစီနိုင်ငံတွေထဲမှာ တည်ငြိမ်ဖွံ့ဖြိုးတဲ့ နိုင်ငံတွေရှိသလို မတည်ငြိမ်၊ မဖွံ့ဖြိုးသေးတဲ့ နိုင်ငံတွေလည်း ရှိပါတယ်။ အဲဒီမှာ ဘာတွေကွာခြားတာ တွေ့သလဲဆိုတော့ တည်ငြိမ်ဖွံ့ဖြိုးတဲ့ ဒီမိုကရေစီနိုင်ငံတွေမှာ အသိပညာမြင့်မားပြီး စီးပွားရေး အခြေအနေသင့်တင့်ကောင်းမွန်တဲ့ ပြည်သူလူထု အများစုရှိတဲ့ အချက်ပါပဲ။ ပညာတတ်လူလတ်တန်းစားလို့ ပညာရှင်တွေကသတ်မှတ်ကြတဲ့ အဲဒီပြည်သူလူထုတွေ အများစု ရှိတဲ့အတွက် ဘာအကျိုးတွေရသလဲဆိုတော့ ဆင်းရဲချမ်းသာ လူမှုစီးပွားရေး ကွာဟချက် နည်းပါးလို့ လူထုရဲ့ မကျေနပ်မှု နည်းပါတယ်။ ပြီးတော့ လူများစုက အသိစိတ်ဓာတ်နဲ့ စည်းကမ်းလိုက်နာကြလို့ တည်ငြိမ်ဖွံ့ဖြိုးတယ်။ ဒီမိုကရေစီရပိုင်ခွင့်တွေကြောင့် လွတ်လပ်မှုရှိတယ်ဆိုပေမယ့် လူတိုင်းမှာ အသိစိတ်ဓာတ်ရှိရှိ တာဝန်သိသိနဲ့ ထိန်းသိမ်းကြလို့ သူတစ်ပါးကို ဒုက္ခမပေးမိစေဘဲ လွတ်လွတ်လပ်လပ်၊ ပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်ကြတယ်။ ဖောက်တဲ့လူရှိရင်လည်း ဥပဒေနဲ့တင်းတင်းကျပ်ကျပ် ထိန်းပါတယ်။

အသိစိတ်ဓာတ်နဲ့သာ ထိန်းမထားဘူးဆိုရင် ဒီမိုကရေစီမှာ လွတ်လပ်ခွင့် များများပေးလေ တာဝန်မဲ့ လုပ်ချင်ရာလုပ်ဖို့ အလားအလာများလေလေပဲလို့ ပညာရှင်(C.Wright Mills)က ပြောဖူးပါတယ်။ စည်းကမ်းရှိမှုနဲ့ တာဝန်သိမှုတွေ ပြည့်ပြည့်ဝဝ အသင့်မရှိသေးဘဲ ထိန်းချုပ်မှုအနည်းဆုံးဖြစ်တဲ့ ရာနှုန်းပြည့်ဒီမိုကရေစီ လွတ်လပ်ခွင့်တွေ ပေးလိုက်မယ်ဆိုရင် အင်မတန် အန္တရာယ်များပါလိမ့်မယ်။ အထူးသဖြင့် တိုးတက်ဖွံ့ဖြိုးမှု ကွာဟချက်များတဲ့ နိုင်ငံတွေ၊ လူ့အဖွဲ့အစည်းထဲမှာ လူမျိုးရေး၊ ဘာသာရေးစတဲ့ လူမှုပုံစံကွဲပြားမှုများတဲ့ နိုင်ငံတွေ၊ နိုင်ငံသားလူမျိုးစုအချင်းချင်း သမိုင်းကြောင်းအာဃာတတွေ ရှိခဲ့ကြတဲ့ နိုင်ငံတွေမှာ ဒီလို လွတ်လပ်ခွင့်အများဆုံးပေးလိုက်တဲ့ အကျိုးဆက်ကြောင့် ကြေကွဲစရာဖြစ်ရပ်တွေ၊ မတည်မငြိမ်မှုတွေကို တွေ့နိုင်ပါတယ်။ တကယ်တော့ လွတ်လွတ်လပ်လပ် လုပ်ချင်ရာလုပ်ခွင့်ရကြတဲ့ ဒီမိုကရေစီနဲ့ မင်းမဲ့ဝါဒတို့ အကြားမှာ တာဝန်သိမှုနဲ့ စည်းကမ်းရှိမှုဆိုတဲ့ အလွှာပါးကလေးပဲ ခြားထားတာဖြစ်ပါတယ်။

၂၀၀၈ Mandate ဟာ ဒီနေ့ခေတ် ပြည်သူတွေက လတ်တလော အတည်ပြုထားတာဖြစ်ပြီး ၁၉၉၀ ရလဒ်ကတော့ ၁၈ နှစ်လောက် ခေတ်နောက်ကျနေတဲ့အတွက် မဲပေးသူ မျိုးဆက်တစ်ခုခြားလွန်ပြီး ကျန်နေခဲ့ပြီလို့ ပြောရမှာ ဖြစ်ပါတယ်။ တစ်နည်းပြောရရင်တော့ ပုပ်သိုးနေတဲ့ ရလဒ်ကြီး ဖြစ်နေပြီလို့ ဆိုနိုင်ပါတယ်။

**အခုမြန်မာနိုင်ငံက လျှောက်လှ
နိုင်ငံတော်သစ်တည်ဆောက်ရေး လ
ဒီသဘောတရားကို အလေးထားပြ
တွေ့ရပါတယ်။ နှစ်ပေါင်းငါးဆ
အလေ့အကျင့်နဲ့ ဝေးကွာခဲ့ကြပြီး
တာဝန်သိမှုဆိုတာကလည်း ကိုယ့်
ဆိုရင် အားရစရာသိပ်မကောင်းသေ
ရပ်တည်ရှိနေတဲ့ နိုင်ငံရေးပါတီ
ဒီမိုကရေစီပါလို့ ကြွေးကြော်ဆိုင်းသ
တွေမှာတောင်မှ ဗဟိုကညွှန်ကြား
အောက်ခြေက နာခံနေရတဲ့(Top-d
ဆင်းတဲ့စနစ်ပဲ ရှိပါသေးတယ်။
ရွေးချယ်တင်မြှောက်ပြီး အောက်
မူဝါဒအဖြစ် လက်ခံချမှတ်ပေးရတဲ့
အပေါ်ကိုတက်တဲ့ စနစ်မျိုးမဟုတ်
လွတ်လပ်မှုအပြည့်အဝပေးတဲ့ ဒီမို
သွားကြမယ်ဆိုရင် "ထိန်းမနိုင်သိ
များ"သွားနိုင်ပါတယ်။**

ဒါကြောင့်လည်း အခုအခြေခံ
ထိန်းချုပ်မှုစနစ်တွေ ထည့်ထားရပါ
တရားစီရင်ရေးကို သီးခြားစီခွဲထားပြီး
သလို တပ်မတော်သားကိုယ်စားလှယ်
လည်း အဓိကအမျိုးသားအကျိုးစီးပွ
အလေးထည့်ပေးထားတဲ့သဘောပါပဲ
သဘောဟာလည်း ဒီမိုကရေစီဖြစ်
တိုင်းမှာ ရှိတတ်တဲ့ သဘာဝပါပဲ။ ၁၉
ဘုရင်စနစ်နဲ့ ပါလီမန်ဒီမိုကရေစီ ကျင့်
ဆိုရင် အခုထက်ထိ လွှတ်တော်ကို
ပုဂ္ဂိုလ်တွေ ပါနေတုန်းပါပဲ။ ဒါတွင်
အမျိုးမျိုးပြောင်းပြီး ပါတီစုံဒီမိုကရေ
သက်တမ်းရှိလာတာတောင် ပြည်
ကရေစီပုံစံအတွက် အသင့်မဖြစ်သေး
လှယ်က ၃၀ ရာခိုင်နှုန်း၊ ခန့်အပ်
လွှတ်တော်ဖွဲ့စည်းဖို့ နိုင်ငံရေးစနစ်ကို
ပေးပြီး ပြောင်းလဲပစ်ဖို့ ကြိုးပမ်းနေ
ပါတယ်။ ဒါတွေဟာ သင်ခန်းစာယူစရာ
အရမ်းကာရော လွှတ်ပေးထားတာ
နိုင်ငံရေး၊ လူမှုရေး အခြေအနေတွေ
စဉ်းစားပြီးမှ မျှမျှတတ ထိန်းထိန်းသိ
ကြမယ်ဆိုရင် လမ်းကြောင်းပေါ်က
လိမ့်မယ်လို့ မြင်ပါတယ်။

လက်ရှိမြန်မာ့နိုင်ငံရေးအခြေအ
သစ်ထူထောင်ရေးမှာ အကျိုးစီးပွား
(Stake -holder)သုံးစုရှိပါတယ်။
အစိုးရနဲ့နိုင်ငံရေးအုပ်စုတွေ ဖြစ်ပါ
နိုင်ငံရေးပါတီတွေ၊ ငြိမ်းချမ်းရေးအဖွဲ့
ပါတယ်။ အဲဒီအင်အားစုသုံးစုထဲမှာ
ဆန္ဒကတော့ နိုင်ငံတော်ရှေ့ဆက်
ချောချောမွေ့မွေ့၊ မြန်မြန်ဆန်ဆန်ပြီး
အများစုရဲ့ဆန္ဒက အခြေခံဥပဒေမရှိ
မရှိဘဲ နေနေရတဲ့ဘဝကို မနေချင်
အဖြစ် အမြန်ဆုံးရောက်ချင်နေကြ
လွတ်လပ်လပ် ဥပဒေနဲ့အညီ နေ
ဘဝမျိုးကို မျှော်လင့်နေကြပါပြီ။

**ဒါကြောင့်လည်း ပြီးခဲ့တဲ့ မေ
အများစု ၉၂ ရာခိုင်နှုန်းကျော်က
ထောက်ခံအတည်ပြုခဲ့တာပဲ ဖြစ်
ဖြင့် နိုင်ငံတော်က ရှေ့ဆက်သွား
လက်ခံအတည်ပြုတဲ့သဘော၊ လက
ဒီလမ်းစဉ်အဆင့်တွေအတိုင်း ဒီမိုက
လာသည်အထိ ကြားဖြတ်အစိုးရအ
Mandate ပေးလိုက်တဲ့သဘော
အစိုးရနှင့် ပြည်သူအများစုကြီးဟာ
သဘောဆန္ဒချင်းလည်း တူတယ်လို**

နိုင်ငံရေးအင်အားစုတွေထဲမှာ
အုပ်စုနဲ့ လက်မခံတဲ့အုပ်စုဆိုပြီး နှစ်
လက်မခံတဲ့အုပ်စုကတော့ ၁၉၉၀
စွဲကိုင်ထားချင်တဲ့ အုပ်စုပါ။

အဲဒီတော့ ဒီနေရာမှာ ၂၀၀၈ M
နှစ်ခုပေါ်နေသလို ဖြစ်နေပါတယ်။

အခုမြန်မာနိုင်ငံက လျှောက်လှမ်းနေတဲ့ အဆင့်ခုနစ်ဆင့်ပါတဲ့ နိုင်ငံတော်သစ်တည်ဆောက်ရေး လမ်းကြောင်းကို ကြည့်မယ်ဆိုရင် ဒီသဘောတရားကို အလေးထားပြီး ထည့်သွင်းစဉ်းစားထားတာ တွေ့ရပါတယ်။ နှစ်ပေါင်းငါးဆယ်လောက် ပါတီစုံဒီမိုကရေစီ အလေ့အကျင့်နဲ့ ဝေးကွာခဲ့ကြပြီး ပြည်သူလူထုရဲ့ စည်းကမ်းရှိမှုနဲ့ တာဝန်သိမှုဆိုတာကလည်း ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရမယ် ဆိုရင် အားရစရာသိပ်မကောင်းသေးတဲ့ အခြေအနေပါ။ တရားဝင် ရပ်တည်ရှိနေတဲ့ နိုင်ငံရေးပါတီတွေကို ကြည့်မယ်ဆိုရင်လည်း ဒီမိုကရေစီပါလို့ ကြွေးကြော်ဆိုင်းဘုတ်တပ်ထားတဲ့ နိုင်ငံရေးပါတီ တွေမှာတောင်မှ ဗဟိုကညွှန်ကြားရွေးချယ်ခန့်အပ် ဆုံးဖြတ်တာကိုပဲ အောက်ခြေက နာခံနေရတဲ့(Top-down)အပေါ်ကနေ အောက်ကို ဆင်းတဲ့စနစ်ပဲ ရှိပါသေးတယ်။ အောက်ခြေကနေအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပြီး အောက်ခြေကလိုလားတဲ့ ဆန္ဒတွေကို မူဝါဒအဖြစ် လက်ခံချမှတ်ပေးရတဲ့ (Bottom-up)အောက်ကနေ အပေါ်ကိုတက်တဲ့ စနစ်မျိုးမဟုတ်သေးပါဘူး။ ဒီလိုအခြေအနေမှာ လွတ်လပ်မှုအပြည့်အဝပေးတဲ့ ဒီမိုကရေစီကို အထိန်းအကွပ်မပါဘဲ သွားကြမယ်ဆိုရင် "ထိန်းမနိုင်သိမ်းမရ အကျိုးထက် အပြစ်က များ"သွားနိုင်ပါတယ်။

ဒါကြောင့်လည်း အခုအခြေခံဥပဒေမှာ အပြန်အလှန်စစ်ဆေး ထိန်းချုပ်မှုစနစ်တွေ ထည့်ထားရပါတယ်။ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးကို သီးခြားစီခွဲထားပြီး အပြန်အလှန်ထိန်းညှိဖို့လုပ်ထားသလို တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းထည့်ထားတာကလည်း အဓိကအမျိုးသားအကျိုးစီးပွားတွေ မထိပါးစေဖို့ အားထိန်းဘီး အလေးထည့်ပေးထားတဲ့သဘောပါပဲ။ ဒီလိုအထိန်းအကွပ်ထည့်ပေးတဲ့ သဘောဟာလည်း ဒီမိုကရေစီဖြစ်ထွန်းစ နိုင်ငံတွေရဲ့ ကနဦးအဆင့်တိုင်းမှာ ရှိတတ်တဲ့ သဘာဝပါပဲ။ ၁၉၃၂ ခုနှစ် ကတည်းက စည်းမျဉ်းခံဘုရင်စနစ်နဲ့ ပါလီမန်ဒီမိုကရေစီ ကျင့်သုံးခဲ့တဲ့ အိမ်နီးချင်းနိုင်ငံတစ်ခုမှာဆိုရင် အခုထက်ထိ လွှတ်တော်ကိုယ်စားလှယ်တွေထဲမှာ ခန့်အပ်ခံ ပုဂ္ဂိုလ်တွေ ပါနေတုန်းပါပဲ။ ဒါတွင် မကသေးပါဘူး။ အခြေခံဥပဒေ အမျိုးမျိုးပြောင်းပြီး ပါတီစုံဒီမိုကရေစီကျင့်သုံးတာ ၇၆ နှစ်လောက် သက်တမ်းရှိလာတာတောင် ပြည်သူတွေဟာ အနောက်တိုင်း ဒီမိုကရေစီပုံစံအတွက် အသင့်မဖြစ်သေးဘူးဆိုပြီး ရွေးကောက်ခံ ကိုယ်စားလှယ်က ၃၀ ရာခိုင်နှုန်း၊ ခန့်အပ်ခံပုဂ္ဂိုလ်က ၇၀ ရာခိုင်နှုန်းနဲ့ လွှတ်တော်ဖွဲ့စည်းဖို့ နိုင်ငံရေးစနစ်ကို အတင်းအကျပ် လူအုပ်ဖွဲ့ဖိအားပေးပြီး ပြောင်းလဲပစ်ဖို့ ကြိုးပမ်းနေတာတွေလည်း ကြားနေ သိနေရပါတယ်။ ဒါတွေဟာ သင်ခန်းစာယူစရာတွေပဲဖြစ်ပါတယ်။ စင်စစ်မတော့ အရမ်းကာရော လွှတ်ပေးထားတာမကောင်းပါဘူး။ ကိုယ့်နိုင်ငံရဲ့ နိုင်ငံရေး၊ လူမှုရေး အခြေအနေတွေနဲ့ လိုက်လျောညီထွေဖို့ သေချာ စဉ်းစားပြီးမှ မျှမျှတတ ထိန်းထိန်းသိမ်းသိမ်း ရှေ့တိုးတက် လှမ်းသွားကြမယ်ဆိုရင် လမ်းကြောင်းပေါ်က ခြေချော်ကျဖို့ အန္တရာယ်နည်းသွားလိမ့်မယ်လို့ မြင်ပါတယ်။

လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေကို ကြည့်မယ်ဆိုရင် နိုင်ငံတော်သစ်ထူထောင်ရေးမှာ အကျိုးစီးပွား ပါဝင်ပတ်သက်နေတဲ့ အင်အားစု (Stake -holder)သုံးစုရှိပါတယ်။ အဲဒါတွေကတော့ ပြည်သူလူထု၊ အစိုးရနဲ့ နိုင်ငံရေးအုပ်စုတွေ ဖြစ်ပါတယ်။ နိုင်ငံရေးအုပ်စုဆိုရာမှာ နိုင်ငံရေးပါတီတွေ၊ ငြိမ်းချမ်းရေးအဖွဲ့တွေနဲ့ တခြားအုပ်စုတွေကို ဆိုလိုပါတယ်။ အဲဒီအင်အားစုသုံးစုထဲမှာ အစိုးရနဲ့ပြည်သူလူထုအများစုရဲ့ ဆန္ဒကတော့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချောချောမွေ့မွေ့၊ မြန်မြန်ဆန်ဆန်ပြီးချင်နေပါပြီ။ အထူးသဖြင့် ပြည်သူအများစုရဲ့ဆန္ဒက အခြေခံဥပဒေမရှိဘဲ၊ ရေရာသေချာတဲ့ ဦးတည်ချက် မရှိဘဲ နေနေရတဲ့ဘဝကို မနေချင်ကြတော့ပါဘူး။ ပုံမှန်နိုင်ငံတစ်ခု အဖြစ် အမြန်ဆုံးရောက်ချင်နေကြပါပြီ။ အေးအေးချမ်းချမ်း၊ လွတ်လွတ်လပ်လပ် ဥပဒေနဲ့အညီ နေထိုင်လုပ်ကိုင် စားသောက်နိုင်တဲ့ ဘဝမျိုးကို မျှော်လင့်နေကြပါပြီ။

ဒါကြောင့်လည်း ပြီးခဲ့တဲ့ မေလပြည်သူ့ဆန္ဒခံယူပွဲမှာ ပြည်သူအများစု ၉၂ ရာခိုင်နှုန်းကျော်က အခြေခံဥပဒေသစ်ကို တစ်ခဲနက် ထောက်ခံအတည်ပြုခဲ့တာပဲ ဖြစ်ပါတယ်။ ဒါဟာ တစ်နည်းအားဖြင့် နိုင်ငံတော်က ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို လက်ခံအတည်ပြုတဲ့သဘော၊ လက်ရှိတပ်မတော်အစိုးရကိုလည်း ဒီလမ်းစဉ်အဆင့်တွေအတိုင်း ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာသည်အထိ ကြားဖြတ်အစိုးရအဖြစ် တာဝန်ယူဆောင်ရွက်ပေးဖို့ Mandate ပေးလိုက်တဲ့သဘောလည်း ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရနှင့် ပြည်သူအများစုကြီးဟာ အကျိုးစီးပွားလည်း တူတယ်။ သဘောဆန္ဒချင်းလည်း တူတယ်လို့ ဆိုနိုင်ပါတယ်။

နိုင်ငံရေးအင်အားစုတွေထဲမှာတော့ ဒီ Mandate ကိုလက်ခံတဲ့ အုပ်စုနဲ့ လက်မခံတဲ့အုပ်စုဆိုပြီး နှစ်ပိုင်းကွဲနေတယ်လို့ မြင်ပါတယ်။ လက်မခံတဲ့အုပ်စုကတော့ ၁၉၉၀ရွေးကောက်ပွဲရလဒ်ကိုပဲ ဆက်ပြီး စွဲကိုင်ထားချင်တဲ့ အုပ်စုပါ။

အဲဒီတော့ ဒီနေရာမှာ ၂၀၀၈ Mandate နဲ့ ၁၉၉၀ ရလဒ်ဆိုပြီး နှစ်ခုပေါ်နေသလို ဖြစ်နေပါတယ်။ ဒီတော့ ဘယ်ဟာကဖြစ် နိုင်ငံနဲ့ ပြည်သူအကျိုးကို ပိုပြီး ဖော်ဆောင်နိုင်မလဲ၊ ပကတိအခြေအနေ အချိန်အခါနဲ့ ပိုပြီး ကိုက်ညီမလဲဆိုတာ ယထာဘူတကျကျ ဆန်းစစ်ကြည့်သင့်ပါတယ်။

ဒီလိုဆန်းစစ်ကြည့်ရာမှာ အဓိက အချက်ကြီး သုံးချက်နဲ့ မှတ်ကျောက်တင် စစ်ဆေးကြည့်စေလိုပါတယ်။ ပထမအချက်ကတော့ ထောက်ခံအတည်ပြုတဲ့အင်အားပါ။ ၂၀၀၈ ခုနှစ် Mandate မှာ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံထားပါတယ်။ ၁၉၉၀ရလဒ်မှာတော့ NLD ကို ၃၈ ဒသမ ၁၃ ရာခိုင်နှုန်းကပဲ ထောက်ခံမဲ ပေးခဲ့ကြတာ ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ ခေတ်မီမှု၊ အခြေအနေအချိန်အခါနဲ့ ကိုက်ညီမှုပါ။ အဲဒီမှာလည်း ၂၀၀၈ Mandate ဟာ ဒီနေ့ခေတ်ပြည်သူတွေက လတ်တလောအတည်ပြုထားတာဖြစ်ပြီး ၁၉၉၀ရလဒ်ကတော့ ၁၈ နှစ်လောက် ခေတ်နောက်ကျနေတဲ့အတွက် မဲပေးသူမျိုးဆက်တစ်ခုခြားလွန်ပြီး ကျန်နေခဲ့ပြီလို့ ပြောရမှာ ဖြစ်ပါတယ်။ တစ်နည်းပြောရရင်တော့ ပုပ်သိုးနေတဲ့ ရလဒ်ကြီး ဖြစ်နေပြီလို့ ဆိုနိုင်ပါတယ်။ ဥပမာပြောရရင် လွန်ခဲ့တဲ့သုံးရက်က ထမင်းဟာ ထမင်းတော့ ထမင်းပါပဲ။ ဒါပေမယ့် ဘယ်သူက "ဒါဟာ ထမင်းဖြစ်နေတုန်းပဲမို့ စားဖို့သင့်တယ်" လို့ ပြောပါ့မလဲ။ ယှဉ်ပြောမယ်ဆိုရင် အခုမှ မီးဖိုပေါ်ကချတဲ့ ပူပူနွေးနွေးထမင်းဟင်းကို စားမလား၊ လွန်ခဲ့တဲ့ သုံးရက်က ထမင်းသိုး၊ ဟင်းသိုးကို စားမလား စဉ်းစားကြည့်ဖို့ပါ။

တတိယအချက်ကတော့ အမှန်တကယ်အမြန်ဆုံး အကောင်အထည်ဖော်နိုင်မှုပဲ ဖြစ်ပါတယ်။ ၂၀၀၈ Mandate အတိုင်း အဖုအထစ်မရှိ ချောချောမွေ့မွေ့သွားမယ်ဆိုရင် လာမယ့် နှစ်နှစ်အတွင်းမှာ နိုင်ငံတော်သစ် ပေါ်လာမှာဖြစ်ပါတယ်။ ၁၉၉၀ပုံစံနဲ့ သွားမယ်ဆိုရင်တော့ အားလုံးကတစ်ကနေ ပြန်စရမှာမို့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပါ။ ပထမဆုံး လက်ရှိအစိုးရဆင်းပေးပြီး ကြားဖြတ်အစိုးရဖွဲ့ရမယ်။ ကြားဖြတ်အစိုးရမှာ ဘယ်သူတွေပါမှာလဲ။ အရင်ဆုံး ကုလားထိုင်လုကြရဦးမှာပါ။ ၁၉၈၈ ခုနှစ် အရေးအခင်းတုန်းက ရာဇပလ္လင်ဘယ်မှန်းမသိသေးဘဲနဲ့တောင် အာဏာလုပွဲက ဘယ်လောက် ပြင်းထန်ခဲ့သလဲ။ စဉ်းစားကြည့်ရင် ချင့်ချိန်နိုင်ပါတယ်။ နောက်ပြီးတော့ ဘယ်လိုပုံစံနဲ့ အခြေခံဥပဒေဆွဲမှာလဲ။ ၁၉၉၀ ပြည့်နှစ်တုန်းက ငြိမ်းချမ်းရေးအဖွဲ့တွေ မရှိသေးဘူး။ အခုရှိလာတော့ သူတို့ကို နေရာပေးမှာလား၊ အနိုင်ရတယ်ဆိုတဲ့ ပါတီကြီးကပဲ လုပ်ငန်းစဉ်တစ်ခုလုံးကို လက်ဝါးကြီးအုပ်ပြီး ရေးဆွဲမှာလား။ ဒါဆိုရင် အလုံးစုံပါဝင်မှုနဲ့ ကိုက်ညီပါ့မလား။ တခြား တခြားသော မျိုးဆက်သစ်တို့၊ အမျိုးသားနိုင်ငံရေးတို့၊ ဝံသာနုတို့၊ ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒတို့လိုအုပ်စုတွေ၊ ကျန်ရှိတဲ့ နိုင်ငံရေး ပါတီတွေ၊ တိုင်းရင်းသားတွေ၊ ငြိမ်းချမ်းရေးအဖွဲ့တွေ စသည်စသည်ဖြင့် သူတို့ကရော တောင်းဆိုလာမယ်။ မရရင် လွတ်လပ်စွာ ဆန္ဒဖော်ထုတ် စုရုံးလှုပ်ရှားလာမယ်ဆိုရင် ဘယ်လိုလုပ်မလဲ။ ရှစ်ပြည်နယ်သမားများရှိသလို ဆယ့်တစ်ပြည်နယ်သမားလည်းရှိ၊ ဆယ့်လေးပြည်နယ်သမားလည်းရှိ၊ ဒီထက်မက အသေးစိတ် ရှုပ်ထွေးမယ့် ကိစ္စတွေလည်း အများကြီးရှိပါသေးတယ်။ ဒါတွေကို အားလုံးက လွတ်လပ်စွာ ကိုယ့်ဆန္ဒရှိသလို ပြောနေကြမယ်ဆိုရင် ဘယ်တော့မှ ပြီးပါ့မလဲ။ တွေးကြည့်ရုံနဲ့တင် ခေါင်းခဲစရာကြီးပါ။

သေချာတာကတော့ နောက်ထပ်ဆယ့်ငါးနှစ်၊ အနှစ်နှစ်ဆယ်အထိ ဘယ်သူမှ ထိုင်စောင့်မနေနိုင်တော့ပါဘူး။ ဒီခေတ်က အင်တာနက်ခေတ်၊ ဂလိုဘယ်လိုက်ဇေးရှင်းခေတ် ဖြစ်နေပါပြီ။ အခု အမီမလိုက်နိုင်ရင် မနက်ဖြန်ခါမှာ ကိုယ်က ရှေးဟောင်းပစ္စည်းဖြစ်ပြီး ကျန်ခဲ့မှာပါ။

နောက်ဆုံးတစ်ခုပဲပြောချင်တာကတော့ Mandate ရဲ့ သဘောတရားပါ။ Mandate ဆိုတာ မဲဆန္ဒရှင်တွေနဲ့ ကိုယ်စားလှယ်တွေအကြား(တစ်နည်း) Mandate ပေးအပ်သူနဲ့ လက်ခံသူအကြားမှာသာ ထားရှိတဲ့ ပဋိညာဉ်မျိုးမဟုတ်ပါဘူး။ တစ်နိုင်ငံလုံးက မဲပေးတဲ့သူရော၊ မဲမပေးတဲ့သူရော၊ မဲပေးခွင့်မရှိသေးတဲ့ သူတွေရော နိုင်ငံသားအားလုံးအပေါ်မှာ သက်ရောက်မှုရှိတဲ့ ဥပဒေတွေ ပြဋ္ဌာန်းရတဲ့ ကိစ္စမို့လို့ Mandate ရထားသူတွေဟာ မိမိအကျိုး၊ မိမိကို ထောက်ခံသူတွေရဲ့ အကျိုးကိုသာမကဘဲ တစ်နိုင်ငံလုံးရဲ့အကျိုး၊ ပြည်သူတစ်ရပ်လုံးရဲ့ လိုအင်ဆန္ဒကိုပါ အမြဲအလေးထားရမယ်လို့ ပညာရှင်တွေက ဆိုကြပါတယ်။

ပြည်သူတစ်ရပ်လုံးရဲ့ လိုအင်ဆန္ဒကတော့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံသစ် ပန်းတိုင်ဆီကို ချောချောမွေ့မွေ့၊ အန္တရာယ်ကင်းကင်းနဲ့ အမြန်ဆုံး ရောက်အောင် ချီတက်ချင်တာပါပဲ။

ပြည်သူကို တကယ်အလေးထား လေးစားတယ်ဆိုရင်၊ နိုင်ငံကို တကယ်ချစ်တယ်ဆိုရင် သေချာတဲ့လမ်း၊ အချိန်မကြာတဲ့လမ်း၊ ဖြောင့်ဖြူးတဲ့ လမ်းကြီးပေါ်မှာ ပန်းတိုင်ကို လှမ်းမြင်နေရပါပြီ။ သံသယတွေကို ဖျောက်၊ အာဃာတတွေကို ခေါက်ထားလိုက်ပြီး နောက်ကျောပေး၊ ခြေစုံကန် ငြင်းဆန်၊ နောက်ပြန်သွားဖို့ ကြိုးစားမနေတော့ဘဲနဲ့ ပြည်သူတွေရဲ့ ဆန္ဒနဲ့အညီ တည်ငြိမ်ဖွံ့ဖြိုးတဲ့ နိုင်ငံသစ်ဆီ ညီညာဖြိုဖြို ချီတက်ကြပါစို့လို့ စေတနာနဲ့ တိုက်တွန်းလိုက်ချင်ပါတယ်။ ။

စိမ်းလဲ့ရွှေပြည်သတင်းဂျာနယ် အတွဲ(၅)၊ အမှတ်(၂၀) ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၁၁

ယခုတစ်ပတ်သတင်းဂျာနယ်တွင် ဆန်ဈေးနှုန်းတက်စရာ အကြောင်းမရှိ၊ ယခုနှစ်တွင် မုန်တိုင်းထပ်လာနိုင်၍ မိုးလေဝသ သတိပေးချက်များအား ဂရုတစိုက်လိုက်နာရန် လိုအပ်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းအဖွဲ့ချုပ်မှ တိုင်းရင်းကြက်များ လှူဒါန်းမည်၊ YCDC နှင့်လယ်သမားများ မျိုးစပါးများအကျိုးတူ စိုက်ပျိုးမည်၊ စားသုံးသူများလွယ်ကူသက်သာ ချောင်ချိစေရေး ဖွင့်လှစ်ထားသော ဈေးများ၊ ရေငန်ပုစွန်ဈေးပိုရလာသလို တင်ပို့မှုလည်းပိုမို၊ ယခုနှစ်အထွက်ပိုကောင်းဖို့ အလားအလာရှိတဲ့ နှမ်းဈေးကွက်၊ စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက်ဖြင့် လျှပ်စစ်မီးနှင့်ရေတင်အသုံးပြု ရန်ကုန်တိုင်းအတွင်း မုန်တိုင်းကြောင့် ပျက်စီးသွားသော ကျောင်းအားလုံး ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အကုန်အကျခံ တည်ဆောက်၊ တရုတ်နိုင်ငံတွင် အလုပ်လက်မဲ့များ အလုပ်အကိုင်ပိုမိုရရှိရေး၊ အသေးစားချေးငွေလုပ်ငန်းများကို ဗဟိုဘဏ်မှငွေထုတ်ချေး၊ ကူဝိတ်ကိုယ်စားလှယ်အဖွဲ့ရဲ့ အာရှခရီးစဉ်အတွင်း ဒေါ်လာ ၂၇ဘီလီယံဖိုရင်းနှီးမြှုပ်နှံဖို့ သဘောတူခဲ့ အစရှိသည့် ပြည်တွင်းပြည်ပ သတင်းများ၊ ခေတ်လူငယ်တို့အားဖြင့် တည်ထောင်မည့် စတုတ္ထချီခေတ်ရွှေပြည်၊ ကျောက်ရစ်ရွာအညာဘုရားပွဲ၊ အဏုမြူဗုံးနှင့် ဟိုက်ဒရိုဂျင်ဗုံးများ စမ်းသပ်ဖောက်ခွဲခြင်းအားဖြင့် လျှောင်လှုပ်ခြင်းနှင့်ဆက်စပ်မှု လေဘေးသင့် ဒေသနေပြည်သူများအတွက် ပြည်လည်ထူထောင်ရေးလုပ်ငန်းများ အဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့် သတင်းများနှင့် ကမာဆစ်က စံပယ်ဖြူ ပိန်ကြုံနေသော ပိုက်ဆံအိတ်ဖောင်းတင်းလာစေသောနည်းများ၊ စိမ်းလဲ့ရွှေပြည် မြန်ဌာနီ စသည့် ရသဆောင်းပါးများ ဖော်ပြထားသည်။

စိမ်းလဲ့ရွှေပြည်ဂျာနယ် ဝယ်ယူနိုင်သည့် ဆိုင်များမှာ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး စာအုပ်ဆိုင်၊ စာပေဗိမာန်၊ ဝါမိုးအောင်နှင့် ပန်းရွှေပြည် စာအုပ်ဆိုင်တို့ဖြစ်ကြပြီး အနယ်နယ်အရပ်ရပ်မှ စာမူများကို ဖိတ်ခေါ်ထားရာ ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ စာတည်းမှူးချုပ် စိမ်းလဲ့ရွှေပြည်ဂျာနယ် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ဖုန်း-၀၁-၃၈၂၀၇၀ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၉-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အကပြိုင်ပွဲ
- ၇း၅၀ ၅။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
- ၈း၁၀ ၇။ အတီးပြိုင်ပွဲ
- ၈း၂၀ ၈။ ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေးအတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေး/ခေတ်ဟောင်း တေး)(အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၀ ၂။ နှောင်းခေတ်တေးပဒေသာ
- ၄း၂၀ ၃။ အတီးပြိုင်ပွဲ
- ၄း၃၀ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၆။ အဆိုပြိုင်ပွဲ
- ၅း၀၀ ၇။ **"ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာအားကိုးကြ" (ခန့်စည်သူ၊ဖြိုးငွေစိုး၊ဝိယ၊ ပုလဲဝင်း၊ဖူးစုံ၊သဇင်) (ဒါရိုက်တာ-မြင့်စိုး-ဝ/သ)**
- ၅း၃၀ ၈။ တေးဂီတအစီအစဉ်
- ၅း၄၅ ၉။ ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေးအတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေး/ခေတ်ဟောင်း တေး) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသား)
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလဝသအခြေအနေ
- ၆း၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မုန်တိုင်း" (အပိုင်း-၈)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၂၈)**
- ၁၈။ အစီအစဉ်ပြီး၏။

Sony Business Projectors Seminar ကို ရန်ကုန်မြို့ Traders Hotel ၌ကျင်းပရာ TMW Enterprise Ltd., Managing Director ဦးဝေလွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

Sony Business Projectors Seminar ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

Sony Business Projectors Seminar ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပရာ TMW Enterprise Ltd., Managing Director ဦးဝေလွင်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ညွှန်ကြားရေးမှူးဦးသိန်းထွန်းအောင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် Sony Singapore Broadcast and Professional Product Division မှ Mr. Thomas Wong က Projector များအကြောင်း သရုပ်ပြရှင်းလင်းသည်။

မြန်မာနိုင်ငံ၌ ယခုလက်ရှိသုံးစွဲနေသော Standard Definition မှ High Definition များအဖြစ် တိုးတက်ပြုပြင်ပြောင်းလဲချင်သည့်အတွက် ယခုပြပွဲကို ပြသရခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ယခုပြပွဲတွင် 2 million Resolution ရှိပြီး High End နည်းပညာများ ထည့်သွင်းအသုံးပြုထားသော Full HD Projector VPL-FH 300 ကိုလည်း ခင်းကျင်းပြသထားကြောင်း၊ ယခင် SD Projector များနှင့်မတူဘဲ ကွဲပြားခြားနားသော ပုံထွက်ကောင်းများကို ကြည့်ရှု ခံစားရမည်ဖြစ်ကြောင်း၊ ရုပ်ရှင်ရုံအတွက် High Performance ဖြစ်သည့် Full HD Projector ကို မိမိပြသလိုသောအခန်းနှင့် ပြသလိုသော Screen အရွယ်အစားတို့အပေါ်မူတည်၍ ရုပ်ထွက်ကြည်လင်ပြတ်သားစေရန် မိမိလိုအပ်သော မှန်ဘီလူး အမျိုးအစားကို အလွယ်တကူ ပြောင်းလဲတပ်ဆင်နိုင်သည့် Video Projector များကိုလည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ လက်ရှိဖလင်တစ်ခုတည်းအပေါ် မှီခိုအားထားနေရသည့်အတွက် နိုင်ငံခြားငွေကုန်ကျခြင်း၊ နည်းပညာအရ အခက်အခဲနှင့် အချိန်ကုန်သက်သာချက်များရှိလာခြင်း၊ အရုပ်အသံအရည်အသွေး မြင့်မားရန် လိုအပ်နေခြင်း စသည့် အခက်အခဲများကို ယခု HD နည်းပညာနှင့် Projector များဖြင့် လွယ်ကူစွာ ကျော်လွှားနိုင်မည်ဖြစ်ကြောင်း သိရသည်။

အထူးအစီအစဉ်အနေဖြင့် ရုံးလုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်းအသီးသီးတို့အတွက် စွမ်းဆောင်ရည် ပြည့်ဝသော Excellent Performance Data Projector များကိုလည်း ဈေးနှုန်းသက်သာစွာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်များကို ကြည့်ရှုစစ်ဆေးစဉ်။

(ဟိုတယ်/ခရီး)

နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၁

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၊ သင်္ဂဟဟိုတယ်၊ မြတ်တော်ဝင်ဟိုတယ်၊ ရွှေဧည့်သည်ဟိုတယ်၊ ရွှေမြန်မာဟိုတယ်၊ တော်ဝင်ကုမုဒြာဟိုတယ်နှင့် အမရဟိုတယ်တို့၏ ခရီးသွားဧည့်သည်များ လာရောက်တည်းခိုနိုင်မှုနှင့် စိတ်ချမ်းမြေ့စွာ တည်းခိုနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ဟိုတယ်ဝင်း အတွင်းနှင့် မျက်နှာစာတို့တွင် သစ်ပင်၊ ပန်းပင်နှင့် အရိပ်ရအပင်များ စိုက်ပျိုးထားရှိမှု၊ တိုးချဲ့ဆောင်များ အသစ်ထပ်မံဆောက်လုပ်နေမှုနှင့် ဟိုတယ်ဇုန်အတွင်း သန့်ရှင်းသပ်ရပ် သာယာလှပစေရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

မွန်ပြည်နယ် မိုးစပါး ရေတော် မိုးတော် ထွန်တုံးပိတ်ပွဲ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက် ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၁၁

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်းသည် ဩဂုတ် ၂၀ ရက်တွင် ဘီးလင်းမြို့နယ် ယွန်းဒလင်းကုန်းကျေးရွာ မိုးစပါး စံပြဧက ၂၀၀ စိုက်ကွက်၌ ကျင်းပသော မွန်ပြည်နယ် မိုးစပါး ရေတော် မိုးတော် ထွန်တုံးပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် တိုင်းမှူးသည် မိုးစပါး စံပြစိုက်ကွက်တွင် ကောက်စိုက်လုံမေအဖွဲ့များက ရွှေဘို(၁)စပါးမျိုးအတန်းလိုက် စိုက်ပျိုးနေမှု၊ လယ်သမားများက မြေသြဇာကြဲပက်နေမှုတို့ကို လိုက်လံ ကြည့်ရှုအားပေးကာ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ စပါးစိုက်ခင်းများအတွင်း ငါးခုံးမနှင့် တီလားပီးယား စုစုပေါင်း ငါးသားပေါက်ကောင်ရေ လေးသောင်းကို ငါးမျိုးစိုက်ထည့်ပေးကြသည်။

ယင်းနောက် တိုင်းမှူးသည် စံပြစိုက်ကွက်အတွင်း မျိုးယှဉ်ပြိုင်ကွက်၊ မြေသြဇာကျွေး စမ်းသပ်ကွက်နှင့် ရွှေဘို(၁)စပါးမျိုးကို အဆင့်မြင့်နည်းပညာသုံး၍ စိုက်ပျိုးထားသောပြကွက်များကို လိုက်လံကြည့်ရှု စစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ လယ်သမားများအားအထွက်ကောင်းသည့် စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးသွားနိုင်ရေးကို မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏နည်းပညာပေးပြခန်းများနှင့်ဒေသသုံးစပါးအခြောက်ခံနည်း ပြသထားရှိမှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ဘီးလင်းမြို့နယ် ကော့ကဒွတ်ကျေးရွာသို့ သွားရောက်၍ ဒေါ်တင်သိန်း၏ လယ်ယာမြေတွင် စိုက်ပျိုးထားသော တစ်မိုးနှစ်သီး ပထမစပါးစိုက်ပျိုးထားရှိမှုနှင့် ဆင်းသွယ်လတ်စပါးများ ဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဝါးပါးဆည်သို့ ရောက်ရှိပြီး ဝါးပါးဆည်အတွင်းသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ငါးမြစ်ချင်းသားပေါက်ကောင်ရေ တစ်သိန်း၊ ရွှေဝါငါးကြင်းသားပေါက် ကောင်ရေ ငါးသောင်းနှင့် ငါးခုံးမသားပေါက်ကောင်ရေ နှစ်သိန်းတို့ကို ငါးမျိုးစိုက်ထည့်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ဘားအံမြို့နယ် မြိုင်ကလေးကျေးရွာသို့ သွားရောက်၍ ကရင်ပြည်နယ်၏ မိုးစပါး စိုက်ပျိုးပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လယ်သမား ဦးလူခင်၏ လယ်မြေတွင် မနောထွန်းစပါးမျိုး စုပေါင်း စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကာ ကောက်စိုက်အဖွဲ့အား ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖွင့်လှစ်ပေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများ သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် သန်လျင်တံတား ချဉ်းကပ်လမ်းရှိ အမှတ်(၄၆) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(မြို့တော်စည်ပင်)

ရွှေနိုင်ငံ သတင်းဂျာနယ် အတွဲ(၇)၊ အမှတ်(၉)ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၁၁

ရွှေနိုင်ငံသတင်းဂျာနယ်တွင်ယနေ့ ကမ္ဘာ့စီးပွားရေး မျက်နှာစာ၌ 'စားနပ်ရိက္ခာသည်ရွှေဖြစ်သည်' ဆိုသည့် အတွေးအခေါ် အယူအဆ ပြောင်းလဲလာခြင်း၊ ကမ္ဘာတွင် ရင်းနှီးမြှုပ်နှံသူများ စိုက်ပျိုးရေးဘက် အရွေ့အပြောင်း ဖြစ်လာပြီဟုဆို၊ မြန်မာနှင့်ထိုင်း သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့်ခရီးမှသည် နောင်နှစ်ပေါင်းများစွာသို့၊ ဧရာဝတီ အနာဂတ်နှင့် ဧရာဝတီအားမာန်၊ နာဂစ်မုန်တိုင်းသင့်ပြီး လေးလကျော်အကြာ၊ မြို့သစ်၊ ရွာသစ်၊ ဘဝသစ်၊ စိတ်သစ်၊ လူသစ်၊ အားမန်သစ်ဖြင့် ခရီးဆက်နေကြပြီ၊ ဗြိတိသျှနယ်ချဲ့ကျွန်ဘဝ မြန်မာနိုင်ငံ၏ သတင်းစာ လွတ်လပ်ခွင့် ရှိ၊ မရှိ အမေးပုစ္ဆာ၊ သဘာဝ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ စာကြည့်တိုက်များသည် ဒီမိုကရေစီရေးအတွက် မရှိ မဖြစ် လိုအပ်ချက် ဆောင်းပါးများအပြင် ပြည်တွင်း၊ ပြည်ပ သတင်းများ စုံစုံလင်လင် သတင်းဓာတ်ပုံများဝေဝေဆာဆာဖြင့် ဖော်ပြပါရှိကြောင်း သိရသည်။

ရွှေနိုင်ငံဂျာနယ် ဝယ်ယူနိုင်သည့်ဆိုင်များမှာ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာအုပ်ဆိုင်၊ ပန်းရွှေပြည်စာအုပ်ဆိုင်တို့ဖြစ်ကြပြီး အနယ်နယ်အရပ်ရပ်မှ စာမူများကို ဖိတ်ခေါ်ထားရာ ဆက်သွယ်ရန်နှင့်စာမူပေးပို့ရန် လိပ်စာမှာ ရွှေနိုင်ငံဂျာနယ် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၂၀၇၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

စာသင်ကျောင်းဆောင်သစ်များ ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)က နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်ပြီးစီးသည့် စာသင်ကျောင်းဆောင်သစ်များဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားများကို စက်တင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် သာကေတမြို့နယ် ၆/ အနောက်ရပ်ကွက် ဇမ္ဗူသီရိလမ်းရှိ အမှတ်(၃၆) အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ရန်ကုန်တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် သာကေတမြို့နယ်အသင်း အတွင်းရေးမှူး ဦးဇော်ဝင်းနိုင်တို့က စာသင်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များသည် စာသင်ကျောင်းဆောင်သစ် စာသင်ခန်းများနှင့် ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ သာကေတမြို့နယ် အမှတ်(၈)ရပ်ကွက် နဝရတ်လမ်းရှိ အမှတ်(၁၁)အခြေခံပညာ မူလတန်းကျောင်း စာသင်ကျောင်းဆောင်သစ်နှင့် သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် သန်လျင်တံတား ချဉ်းကပ်လမ်းရှိ အမှတ်(၄၆)အခြေခံပညာမူလတန်းကျောင်းစာသင်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားများကို သက်ဆိုင်ရာ စာသင်ကျောင်းဆောင်သစ်များရှေ့၌ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

အမှာစကားပြောကြား

ထို့နောက် စာသင်ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို သာကေတမြို့နယ် အမှတ်(၄၆) အခြေခံပညာမူလတန်းကျောင်းရှိ သဇင်ဆောင်၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်ထံ ပေးအပ်သည်။

ဆောက်လုပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ထံ အလှူရှင် ဦးကျော်စိုးက ရန်ကုန်တိုင်း အသင်းအတွက် အလှူငွေကျပ် နှစ်သိန်းကို ပေးအပ်လှူဒါန်းပြီး မြို့နယ်ပညာရေးမှူး ဦးတင်ထွန်းက စာသင်ကျောင်းဆောင်သစ်များ ဆောက်လုပ်လှူဒါန်းပေးမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

စီစဉ်ဆောင်ရွက်

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများ၌ စာသင်ကျောင်းဆောင်သစ် ၇၀ ကို ဆောက်လုပ်လှူဒါန်းလျက်ရှိပြီး စက်တင်ဘာ ၁၀ ရက်က ဖွင့်လှစ်သော သာကေတမြို့နယ်မှ စာသင်ကျောင်းဆောင် သုံးဆောင်သည် အလျားပေ ၁၂၀ နှင့် အနံပေ ၃၀ စီရှိကာ ယင်းကျောင်းဆောင်များ အပါအဝင် ကျောင်းဆောင်ပေါင်း ခြောက်ကျောင်း ဆောက်လုပ်ပြီးစီး၍ ဖွင့်လှစ်ပြီးဖြစ်ရာ ကျန်ရှိသောစာသင်ကျောင်းဆောင်များ အမြန်ဆုံး ဆောက်လုပ်ပြီးစီး ဖွင့်လှစ်နိုင်ရေး အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ လှိုင်ကော်လေဆိပ်မှ

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘီလူးချောင်းမှ ရေအားလျှပ်စစ် ဓာတ်အားပေးစက်များ တည်ဆောက်ထားမှု အခြေအနေများကိုလည်းကောင်း၊ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံအတွင်းရှိ ၂၈ မဂ္ဂါဝပ် ဓာတ်အားပေးစက် ခြောက်လုံးဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘီလူးချောင်း အမှတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ၁၄ မဂ္ဂါဝပ် ရေအားလျှပ်စစ် တာဘိုင်စက်နှစ်လုံး တပ်ဆင်၍ ရေအားလျှပ်စစ် ထုတ်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ပညာရေးငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနား တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၁

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့ နံနက် ၈ နာရီတွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(နေပြည်တော်)၌ ကျင်းပသော ပညာရေး ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦး၊ ဒုတိယ တိုင်းမှူး ဗိုလ်မှူးကြီးမင်းဇော်နှင့် တပ်မတော် အရာရှိကြီးများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြပြီး တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဒုတိယ တိုင်းမှူးနှင့် အရာရှိကြီးများက အလှူရှင်များ ပေးအပ်လှူဒါန်းသော အလှူငွေများကို လက်ခံကြပြီး ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အမှတ်(၃) အခြေခံ ပညာအထက်တန်းကျောင်း (နေပြည်တော်)မှ ကျောင်းသား၊ ကျောင်းသူများက အကပဒေသာဖြင့် ဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း(နေပြည်တော်)၌ ကျင်းပသော ပညာရေး ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။

(သတင်းစဉ်)

● ရွှေခါးပတ်ချန်ပီယံမှ

ရန်ကြီးအောင် (မြို့တော်စည်ပင်)သည် ၂၀၀၇ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ မစ်ဒယ်ဝိတ်တန်း ဆီမီးဖိုင်နယ်တွင် နာမည်ကျော် ပထမတန်း လက်ဝှေ့သမား တစ်ကျော့ပြန် အယ်ထီးကော် (KLM)ကို အမှတ်ဖြင့် အနိုင်ယူခဲ့ပြီး ဗိုလ်လုပွဲတွင် ကျားရိုင်း(တနင်္သာရီ)ကိုအလဲထိုး၍ ရွှေခါးပတ်ချန်ပီယံ ဖြစ်လာခဲ့သည်။

ရန်ကြီးအောင်သည် နုနယ်သော လက်ဝှေ့သမားဘဝကပင် ပွဲသိမ်းနိုင်သော ဇရှိခဲ့သည်။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တစ်ခွင်၌ ပွဲပေါင်းများစွာ ယှဉ်ပြိုင်ထိုးသတ်ခဲ့ဖူးသော ကြိုးဝိုင်းသမ္ဘာရင့် လက်ဝှေ့သမားလည်းဖြစ်သည်။ ရန်ကြီးအောင်သည် ပထမတန်းသို့ တက်လှမ်းသော ပွဲ၌ပင် ရွှေခါးပတ်ရရှိခဲ့ပြီး ပထမတန်းချန်ပီယံလုံးချောကို နှစ်ကြိမ်တိုင် အသာစီးသရေသဘောမျိုးထိုးသတ်နိုင်ခဲ့သဖြင့် ပရိသတ်များ ပို၍သတိထားမိလာခဲ့သည်။ သို့ရာတွင် ပြီးခဲ့သည့် ဩဂုတ် ၁၀ရက်နေ့က လုံးချော၏ အလဲထိုးခြင်းကို ပွဲပြီးရန် ၂၄ စက္ကန့်အလို၌ မမျှော်လင့်ဘဲ ခံစားလိုက်ရသည်။

ယခုပွဲ၌ ၎င်းနှင့် ယခင် သုံးကြိမ်တွေ့ဆုံခဲ့ဖူးသော ဈာန်ထူးနှင့် စတုတ္ထအကြိမ် တွေ့ဆုံရမည့်ပွဲ ဖြစ်သည်။ ပြည်ပပြိုင်ပွဲများအတွက် သုဝဏ္ဏ၌ လေးလတာ စခန်းဝင်လေ့ကျင့်ထားသူ ရန်ကြီးအောင်နှင့် မာဂုဏ်မြင့်ပြီး

ကြယ်လင်းအောင်

ပွဲသိမ်းလက်သီးရှိသူ ဈာန်ထူးတို့၏ ပွဲက နက်နဲသော အသွင်ကို ဆောင်နေသည်။ သူတို့ပွဲက ရိုးရာလက်ဝှေ့ ဝါသနာရှင်တို့အတွက် မျက်စိပသာဒ ရှိမည်ဖြစ်သော်လည်း သွေးနည်းသူတို့အတွက် မျက်စိမှိတ်ကြည့်ရမည့် သဘောရှိနေသည်။

ဝင်းထွန်းနှင့် ကြယ်လင်းအောင်တို့ကလည်း နှစ်ပွဲမျှ ဆုံခဲ့ကြဖူးရာ ဆုံခဲ့သည့် ပွဲတိုင်း၌ ကြိုးဝိုင်းထဲမှာ မုန်တိုင်းကျသည့်အလား ပြင်းထန်ခဲ့သည်။ ပထမအကြိမ် မွန်ပြည်နယ် သောင်ပြင်ကျေးရွာ ဘုရားပွဲ၌ဆုံခဲ့စဉ်က ဝင်းထွန်းအရှုံးပေးခဲ့ရသည်။

ကြယ်လင်းအောင်၏ သတ်လုံး သတ်ပေါက်က အားပါပြင်းထန်သည်။ သတ်လုံးသတ်ကွက်စုံသည်။ စိုင်ပေါက်တစ်ကောင်ပမာ ကြံ့ခိုင်သန်မာသော ခန္ဓာကိုယ်ဖွဲ့စည်းပုံကြောင့် သူ့ကို တော်ရုံလက်သီးဖြင့် ပွဲပြီးစေဖို့ မလွယ်ပါ။

ဝင်းထွန်းနှင့် ဒုတိယအကြိမ်အဖြစ် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အနင်းကျေးရွာ ဘုန်းတော်ကြီးပျံပွဲ၌ ဆုံကြရာ ဝင်းထွန်း၏ သပ်ရပ်တိကျ မြန်ဆန်သော လက်သီးတွဲလုံးများကြောင့် ပထမအချီ၌ အမှတ်စဉ်တစ်ကြိမ် အရေခံခဲ့ရပြီး အနားလည်း တောင်းခဲ့ရသည်။ သို့ရာတွင် မာဂုဏ်မြင့်သော ကြယ်လင်းအောင်၏ တန်ပြန်တိုက်စစ်ကြောင့် ဝင်းထွန်းလည်း အမှတ်စဉ် အရေခံခဲ့ရပြီး စင်ပေါ်မှ ပြုတ်ကျခဲ့သည်မျိုးပင် ရှိသည်။ ဝင်းထွန်း၏ လေဝဲကန်ချက်ကြောင့် ကြယ်လင်းအောင် နဖူးကွဲရပြန်သည်။ ထိုပွဲ၏ အဆုံးသတ်အဖြေမှာ သရေဟူ၍ ဖြစ်သည်။

ယခု သူတို့နှစ်ဦး ဆုံကြပြန်ပြီဖြစ်ရာ ရိုးရာလက်ဝှေ့ပွဲကောင်းကြိုက်သူများအတွက် လက်လွတ်မခံသင့်သော ပွဲဖြစ်သည်။

သူတို့ပွဲများအပြင် မိုက်ခဲကျောက်ပွင့် (မြန်မာပြည်သား)နှင့် ရန်နိုင်အောင် (တောင်ကလေး)၊ ဒိန်း(မြန်မာသွေးသစ်)နှင့် မျိုးဆက်သစ်(အလင်းရောင်)၊ ဆက်ထူးအောင် (တောင်ကလေး)နှင့် မိုက်တိုင်စန် (အလင်းရောင်)၊ ဝမ်းတူး (မျိုးဇာနည်)နှင့် ကြယ်လေး (မြန်မာပြည်သား)တို့၏ ငါးချီစိန်ခေါ်ပွဲများကလည်း အသည်းချင်းပေါက်၍ ပညာချင်းယှဉ်ကာ ကလပ်၏ ဂုဏ်သိက္ခာအတွက် လက်ကုန်ရှိန်းကြမည်မို့ ပွဲချီပြည့်အောင် မကြည့်လိုက်ရမှာပင် စိုးရသေးတော့သည်။

ရန်ကုန် ပရိသတ်များ မှတ်မိနေကြပြီဖြစ်သည့် စနေထွန်း(မြန်မာသွေးသစ်)နှင့် ဇွဲမာန်(အမရပူရ)၊ စိုးလင်းဦး (မျိုးဇာနည်)နှင့် ဇော်ဟိတ် (ရက္ခပျာလ)၊ စိုးဒေဝါ (အမရပူရ)နှင့် ငမန်းပေါက် (မြန်မာသွေးသစ်)၊ ပူတူးတူးလေး(တောင်ကလေး)နှင့် ထူးစံ (ရက္ခပျာလ)၊ နေမင်း (ရက္ခပျာလ)နှင့် ရဲမင်း(မျိုးဇာနည်)တို့ ပွဲများကလည်း လေးချီပွဲနှင့် မတန်အောင်ပင် ပရိသတ် လက်ခုပ်သံ သဲ့ယူကြလိမ့်မည်ဟု ထင်ကြသည်။

ထိုပွဲများအတွက် ရုံဝင်ကြေး ကျပ် ၈၀၀၀၊ ကျပ် ၄၀၀၀ သတ်မှတ်ထားပြီး ကြိုတင်လက်မှတ်အတွက် ဇော်ပစ်တိုင်းထောင်ဗီဒီယို ၁၇၄ (မြေညီ)၊ ၃၅လမ်း(လယ်) ဖုန်း- ၃၈၇၆၅၀၊ ၀၉ ၅၁၂၉၂၄၄သို့ ဆက်သွယ်နိုင်ကြောင်း ရိုးရာလက်ဝှေ့ ချစ်သူများအတွက် သတင်းကောင်း ပါးလိုက်ပါသည်။

(ကြေးမုံ)

ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ (ကွာတားဖိုင်နယ်) ရှုံးထွက်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော်ပျဉ်းမနား စက်တင်ဘာ ၁၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၈ ခုနှစ် ဒုတိယ အကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ (ကွာတားဖိုင်နယ်) ရှုံး/ထွက်ပွဲစဉ်များကို နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ယနေ့ ညနေ ၃ နာရီခွဲက ဒုတိယပွဲစဉ်အဖြစ် ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာနဘောလုံးအသင်းက ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အားကစားဝန်ကြီးဌာန- နှစ်ဂိုး
(အောင်ကျော်ထူး၊ ဇင်မင်းထက်)
ဆက်သွယ်ရေး၊ စာတိုက်နှင့်
ကြေးနန်းဝန်ကြီးဌာန- တစ်ဂိုး
(နေဝင်းထွန်း)
ဒိုင်လူကြီး ဦးဝင်းချို(အဖွဲ့ချုပ်)

ယင်းပြိုင်ပွဲသို့ အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြသည်။

(၁၂-၉-၂၀၀၈)
(ပေါင်းလောင်းကွင်း)
စီးပွား/ကူးသန်းနှင့်အလုပ်သမား

(၁၀၇)

ဘဲလင်းဓာတ်အားခွဲရုံနှင့် ရွှေစာရံပင်မဓာတ်အားခွဲရုံ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် စက်တင်ဘာ ၅ရက်တွင် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်ရှိ ဘဲလင်းဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ရွှေစာရံ-ဘဲလင်း ဓာတ်အားလိုင်း တည်ဆောက်မှု၊ ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းပြီးစီးမှု၊ ဘဲလင်းဓာတ်အားခွဲရုံသို့ လျှပ်စစ်ဓာတ်အား အဝင်/အထွက် ဓာတ်အားလိုင်းများ ချိတ်ဆက်သွယ်တန်းမည့် အခြေအနေနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်အပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်ရှိ ရွှေစာရံ ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ရွှေလီ-မန်စံ-ရွှေစာရံ 230 KV မဟာဓာတ်အားလိုင်းစီမံကိန်းနှင့် စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❁ အဆန်းထွင်ချင်သည့်မှ

ထိုအိမ်ဆောက်လုပ်ရာတွင် အကြောင်းအကျိုး လျော်ညီစွာ စဉ်းစား၍ ဆောက်လုပ်ခြင်း မဟုတ်ပေ။ သို့သော် တစ်မူထူးဆန်းသည့် အသွင် လုပ်လိုသည့်ဆန္ဒကြောင့် ဆောက်လုပ်ခြင်းဖြစ်သည်ဟု မီကီစီစ်က ရိုက်တာသတင်းဌာနသို့ သောကြာနေ့က ပြောကြားသည်။

ယင်းအိမ်ကို ဧည့်သည်များ လာရောက်ကြည့်ရှုရန် ဖွင့်လှစ်ထားချိန်မှစ၍ ဧည့်သည် ၁၀၀ ကျော် လာရောက်လေ့လာခဲ့သည်။

အိမ်တည်ဆောက်ထားပုံကို လာကြည့်ရှုသည့် ဧည့်သည်များသည် မူးဝေပြီး မျက်စိလည်သည့် ခံစားမှုမျိုးဖြစ်ကြရသည်ဟု ဆိုသည်။ အိမ်မှာ ခိုင်ခံ့မှုရှိသော်လည်း အမြဲနေထိုင်ရန် မဖြစ်နိုင်ကြောင်း၊ ဧည့်သည်များကို ကြည့်ရှုပြသနိုင်ရန်သက်သက်သာ တည်ဆောက်ထားခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထိုအိမ်နှင့် အလားတူ အိမ်မျိုးကို စပိန်နှင့် အမေရိကန်တို့၌ မိမိတို့ လေ့လာခဲ့ကြသည်ဟု မီကီစီစ်က ဆိုသည်။ ထိုနိုင်ငံရှိ အိမ်များမှာ အပြင်ပိုင်းသာ ပြောင်းပြန်ဆောက်လုပ်ထားပြီး အတွင်းပိုင်းကို ပြောင်းပြန် ဆောက်လုပ်ထားခြင်း မဟုတ်သည်ကို တွေ့ရသည်။

အင်တာနက်။



ပြောင်းပြန်ဆောက်လုပ်ထားသော အိမ်ကို တွေ့ရစဉ်။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် စက်တင်ဘာလ အတွက်
(၁၄-၉-၂၀၀၈)ရက်နေ့ နှင့် (၂၈-၉-၂၀၀၈)ရက်နေ့

လှိုင်ကော်လေဆိပ်နှင့် လောပိတ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၁

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် လွိုင်ကော်လေဆိပ် လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးပြီး လွိုင်ကော်မြို့ ငြိမ်းချမ်းရေးခန်းမ၌ လွိုင်ကော်တပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့်တွေ့ဆုံ၍ ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် အားကစားပစ္စည်းများကို ပေးအပ်ရာ လွိုင်ကော်တပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဒုတိယဗိုလ်မှူးကြီး ခင်မောင်စိုးတို့က အသီးသီး လက်ခံရယူကြသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး လူမှုရေးအသင်းအဖွဲ့များအတွက် ဝတ်စုံများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ လောပိတကျေးရွာရှိ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (လောပိတ)သို့ ရောက်ရှိပြီး စက်ရုံဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ လှူဒါန်းသော စာကြည့်တိုက်အတွက် စာအုပ်များနှင့် ကျောင်းသုံး ဗလာစာအုပ်များ၊ စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် လွိုင်ကော်လေဆိပ် လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror ထူးထူးခြားခြား အင်တာနက်သတင်း

သမားရိုးကျ အမြင်မျိုးမဟုတ်သည့် ပြောင်းပြန်ဆောက်လုပ်ထားသည့် အိမ်ကို ဂျာမနီ၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အဆန်းထွင်ချင်သည့် ဒီဇိုင်းဆရာများ အိမ်ကို ပြောင်းပြန်ဆောက်လုပ် ပြသထား

ဘာလင် စက်တင်ဘာ ၁၁

ဂျာမနီနိုင်ငံမြောက်ပိုင်း ယူဒမ်ကျွန်း၌ အိမ်တစ်လုံးလုံးကို သမားရိုးကျမဟုတ်ဘဲ ပြောင်းပြန်ဆောက်လုပ်ထားကာ အဆိုပါအိမ်ကို ခရီးသွားဧည့်သည်များ လာရောက်ကြည့်ရှုလေ့လာနိုင်ရန် ကြာသပတေးနေ့က စတင်ဖွင့်လှစ် ပြသထားသည်။

အဆိုပါအိမ်သည် မိသားစုနေထိုင်ရန် ဆောက်လုပ်ထားသည့် ပုံစံမျိုးဖြစ်သည်။ ထိုအိမ်ကို ပိုလန်နိုင်ငံသား စလာစ်ဒီဇ် ဂိုလိုစ်နှင့် ဆီတာစတီဘန်မီကီစီစ်တို့က ဖျော်ဖြေရေးလည်းဖြစ်၊ ပညာလည်းရစေရန်အတွက် ပုံစံရေးဆွဲဆောက်လုပ်ခြင်း ဖြစ်သည်။ ထိုအိမ်တွင် စားပွဲများ၊ ကုလားထိုင်များနှင့် ကော်ဇောများကို မျက်နှာကြက်နှင့်ကပ်လျက် ခင်းကျင်းထားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❁

သတင်းဆောင်းပါး-ဓာတ်ပုံ
ဇင်လင်းထွန်း (မနပြု)

ရွှေခါးပတ်ချန်ပီယံများ သူနိုင်ကိုယ်နိုင် ထိုးသတ်ကြမည့် အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ်(၅)

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်မှ ကြီးမှူး၍ “အသည်းကောင်းလို့ပွဲတောင်းသူများပွဲစဉ်-၅”ကို စက်တင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်တွင် မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ (၂၀၀၇) ရန်ကြီးအောင် (မြို့တော်စည်ပင်)နှင့် လိုက်မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ် ချန်ပီယံ (၂၀၀၆) ဈာန်ထူး (တောင်ကလေး)၊ လိုက်ဝယ်လ်တာဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ (၂၀၀၆) ကြယ်လင်းအောင် (တောင်ကလေး)နှင့် ဖယ်သာ (၂၀၀၀)၊ လိုက် (၂၀၀၆)၊ လိုက်ဝယ်လ်တာ (၂၀၀၇) ရွှေခါးပတ်များ ရရှိထားသူ သုံးထပ်ကွမ်း ချန်ပီယံ ဝင်းထွန်း(လယ်/ဆည်)တို့ ထိုးသတ်ကြမည့် စိန်ခေါ်ပွဲကြီးနှစ်ပွဲအပါအဝင် ပွဲစဉ်ပေါင်း ၁၁ ပွဲ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

ဈာန်ထူးနှင့် စိန်ခေါ်ထိုးသတ်မည့် ရန်ကြီးအောင် (မြို့တော်စည်ပင်) (အောက်ပုံ)**နှင့် ကြယ်လင်းအောင်နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဝင်းထွန်း(လယ်/ဆည်)** (အောက်ယာပုံ)။